မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလကွယ်နေ့၊ ၂၀၀၇ ခုနှစ်၊ မတ် ၁၇ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၆၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကသာမြို့တွင် ဧရာဝတီမြစ်ကမ်း၌ မြေထိန်းနံရံဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကသာ-မြို့လှ-အမတ်ကြီးကုန်း၊ချောင်းဝ-ကျောက်ကြီး-စီငန်း-ကျောက်ပြန့်၊စင်းခန်း-ပန်းမော်လမ်းပိုင်းကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၆

စစ်ကိုင်းတိုင်း ကသာမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများလိုက်ပါလျက် မတ်၁၃ရက် နံနက်၇နာရီခွဲတွင် ကသာမြို့တွင်းသို့ရောက်ရှိကြပြီး ဧရာဝတီမြစ်ကမ်း၌ မြေထိန်းနံရံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ကသာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောသိန်းက ဧရာဝတီမြစ် မြေထိန်းနံရံကို အရှည်ပေ ၁၀၅၀ ဆောင်ရွက်ရန် အနက်ပေ ၁၂၀ ဆောင်ရွက်ပြီးစီးနေမှု၊ ဆောက်လုပ်ရေးပစ္စည်းများရရှိသုံးစွဲမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ကသာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဝေက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဧရာဝတီမြစ်ရေ၏ ရေစီးရေလာအခြေအနေနှင့် မြေထိန်းနံရံဆက်လက်တည်ဆောက်ရန်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကသာမြို့မှ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ကသာ-မြို့လှ-အမတ်ကြီး ကုန်းလမ်းပိုင်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြ၍ မိုင်တိုင်အမှတ်၂၀၅/၄ရှိ ကသာမြို့နယ် ဝဲကြီးကျေးရွာအုပ်စု ခတက်ချောင်း ကျေးရွာသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးလက်ပြည်သူများအား

စာမျက်နှာ ၅ ကော်လံ ၁ ●

မိုးလေဝသအခြေအနေ

၁၇-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးနှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စည်းကမ်းဥပဒေဘောင်အတွင်းမှ အခွန်အကောက်ပိုမိုရရှိရေးကြိုးပမ်း တာဝန်နှင့်စေတနာပေါင်းစပ်ဆောင်ရွက်

နေပြည်တော် မတ် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် မတ် ၁၅ရက် မွန်းလွဲ၂နာရီခွဲတွင် တာချီလိတ်-မိုင်းဆတ် ကားလမ်းဘေးဝဲယာရှိ ဦးဝီလ်ဆင်မိုး၏ ရော်ဘာစိုက်ခင်းများကို လှည့်လည်ကြည့်ရှုပြီး တာချီလိတ်ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား နယ်မြေခံတပ်ဧည့်ရိပ်သာ၌ တွေ့ဆုံသည်။

အဆင့်အတန်းရှိအောင်ဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာချီလိတ်မြို့နယ်၏ ကုန်သွယ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်အောင်က နယ်စပ်ကုန်သွယ်ရေးမှ အများဆုံးပို့ကုန်သွင်းကုန်ဆောင်ရွက်မှုများကိုလည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန တာချီလိတ်မြို့ အကောက်ခွန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးညွန့်အောင်က အခွန်ကောက်ခံရရှိမှု အခြေအနေကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်မြို့ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ကျော်က လူဝင်လူထွက်နှင့် ဝင်ငွေရရှိမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ

စာမျက်နှာ ၃ ကော်လံ ၅ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ်လ ၁၇ ရက်)

ဘာသာရေးကို နိုင်ငံရေးအတွက် ခုတုံးလုပ်အသုံးချမှု အသိစိတ်ဓာတ်နှင့်ယှဉ်ပြီး တားဆီးကာကွယ်

မြန်မာနိုင်ငံ၌ ပင်ရင်းဓလေ့ထုံးစံ၊ ယဉ်ကျေးမှုနှင့်ရိုးရာအစဉ်အလာများနှင့်အညီ နိုင်ငံသားတိုင်းက အခြေခံအခွင့်အရေးများကို ဥပဒေအရ ပိုင်ဆိုင်ထားကြသည်။ မြန်မာ့ယဉ်ကျေးမှု၏ ထူးခြားသောအနှစ်သာရသည် သည်းခံခွင့်လွှတ်ခြင်း၊ ကရုဏာထားခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်းတို့ ဖြစ်သည်။

မြန်မာတို့သည် ဘာသာရေး ကိုင်းရှိုင်းကြပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့်ဥပေက္ခာဟူသည့် ဗြဟ္မစိုရ်တရားလေးပါးကို လက်ခံကျင့်သုံးကြသူများ ဖြစ်သည်။ ယင်းအစဉ်အလာများအရ အဓိက ကိုးကွယ်မှုဘာသာကြီးများသည် ယခင်ကတည်းက ညီညွတ်အေးချမ်းစွာ ယှဉ်တွဲတည်ရှိခဲ့ကြသည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ ဗလီများ၊ ဝတ်ပြုကျောင်းများနှင့် စေတီပုထိုးများ တစ်ခုနှင့်တစ်ခု နီးကပ်စွာ ယှဉ်တွဲတည်ရှိနေခြင်းနှင့် လူမျိုး၊ဘာသာ ခွဲခြားဆက်ဆံမှုမရှိခြင်းတို့မှာ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို ထင်ဟပ်ပေါ်လွင်သည်။

အနောက် အင်အားကြီးနိုင်ငံတချို့က မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ရည်ရွယ်ချက်ဖြင့် ပြည်ပရောက် တရားမဝင်အဖွဲ့အစည်းတချို့နှင့်ပူးပေါင်းပြီး မဟုတ်မမှန် စွပ်စွဲချက်ဖြင့် အစီရင်ခံစာအမျိုးမျိုး ဖန်တီးကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေရန်နှင့် ပြည်တွင်းတည်ငြိမ်မှုကို ပျက်ပြားစေရန် နည်းလမ်းမျိုးစုံသုံး၍ လုပ်ဆောင်နေကြသည်။

ယင်းသို့လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံ၏ တည်ရှိနေပြီးဖြစ်သည့် ဘာသာပေါင်းစုံ ချစ်ကြည်မှုကို ထိခိုက်စေရန်ရည်ရွယ်၍ ဘာသာရေးကို နိုင်ငံရေးအတွက် ခုတုံးလုပ်အသုံးချခြင်းပင် ဖြစ်သည်။

မကြာမီက နယ်စပ်ဒေသရှိ ဆန့်ကျင်ဘက် အဖွဲ့အစည်းများ၏ အခြေအမြစ်မရှိသည့် သတင်းများကို ကိုးကားပြီး ကိုလိုနီလက်သစ်ဝါဒီ နိုင်ငံတချို့က ဘာသာရေးဆိုင်ရာ လူ့အခွင့်အရေး ချိုးဖောက်မှုအစီရင်ခံစာတစ်ခု ဖန်တီးလုပ်ဆောင်လာခဲ့သည်။ နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘာသာ၊ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များက ဘာသာတရားကိုးကွယ်မှုဆိုင်ရာနှင့်ပတ်သက်၍ အမှန်တရားကို ဖော်ထုတ်လျက်ရှိသကဲ့သို့ ပြည်တွင်းရှိ ဘာသာရေးအဖွဲ့အစည်းအသီးသီးတို့၏ တရားဝင်ကန့်ကွက်မှု ထုတ်ပြန်ချက်များကလည်း ယင်းတို့၏ စွပ်စွဲချက်များ မမှန်ကန်ကြောင်း သက်သေပြလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့်ပြည်သူတို့ ပူးပေါင်း၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသူများ၏ ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားသွန်ခွန်စိုက် ဆက်လက်ဆောင်ရွက်ရင်း ဘာသာရေးသပ်လျှိုသွေးခွဲမှုများကို အသိစိတ်ဓာတ်နှင့်ယှဉ်ပြီး တားဆီးကာကွယ်လျက်ရှိပါကြောင်း ဖော်ပြလိုက်ရပေသည်။ ။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၇ ခုနှစ် ပထမလေးလပတ် ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေးကို မတ် ၈ရက် မွန်းလွဲ ၁နာရီက လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ ကနောင်ခန်းမ၌ ကျင်းပသည်။

ရှေ့လုပ်ငန်းစဉ်

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးက ၂၀၀၇ခုနှစ် ပထမလေးလပတ် ရှေ့လုပ်ငန်းစဉ်များကို အကျယ်တဝင့်ရှင်းလင်းတင်ပြပြီး ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ၂၀၀၇ ခုနှစ် ပထမလေးလပတ်တွင် ဆောင်ရွက်ကြမည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

အားပေး

ထို့နောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် မြို့နယ်များ၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို လှည့်လည် အားပေးကြည့်ရှုကြသည်။ **(အပေါ်ပုံ)** (၁၈၀)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တပ်မတော်နေ့စစ်ကြောင်းကြီးများ တပ်ပါစစ်ရေးပြလေ့ကျင့်မှု စစ်ဆေး

နေပြည်တော် မတ် ၁၆

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၆နာရီခွဲက (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားကျင်းပမည့် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီးသို့ ရောက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရောက်ရှိလာကြသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင် ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင် စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ စစ်ရေးပြ အမိန့်စဉ်အတိုင်း စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** တိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ရိပ်သာ ဂုဏဝိသိဋ္ဌပူဇာ ဓမ္မသဘင်

ရန်ကုန် မတ် ၁၆

နိုင်ငံတော်မှ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော လယ်တီ ဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသိကာရ တရားပြ အရှင် ကေသရာဘိဝံသ ညောင်ရိပ်သာ ဆရာတော်အား ဂုဏဝိသိဋ္ဌပူဇာနှင့် တိုးချဲ့ တရားစခန်းကျောင်း ပန္နက်တင် အလှူငွေ ပေးအပ်လှူဒါန်းပွဲ၊ နိုင်ငံတော် သံဃမဟာနာယက အဆင့်ဆင့် ဩဝါဒခံ အထူးတရားပွဲများကို သာကေတမြို့ (၁၀) တောင်ရပ်ကွက် ဝါပလှူငယ်များ၊ ပိတောက်ရွှေဝါ ဆွမ်းလောင်းအသင်း မိသားစုနှင့် တပည့်ဒါယကာများက စုပေါင်း ပူဇော်ကြမည်ဖြစ်ပြီး မတ် ၂၈ ရက်တွင် ဒေါက်တာ အရှင်ဣန္ဒက ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ၂၉ ရက်တွင် ၁၀ ဘွဲ့ရ အရှင်အာစာရာလင်္ကာရ၊ ၃၀ရက်တွင် ဦးဝိသုဒ္ဓ ခင်မွန်မဟာဗောဓိတောရ၊ ၃၁ရက်တွင် ဒေါက်တာ ဦးဝိမလ M.A (ဓမ္မဒူတ)၊ ဧပြီ ၁ ရက်တွင် ဘဒ္ဒန္တ ဇာဂရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) နိုင်ငံတော် သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရ ဆရာတော်ကြီးများက ညစဉ် ဝါပလှူငယ် ဆွမ်းလောင်းအသင်းတွင် ဩဝါဒတရား ချီးမြှင့်တော်မူမည်ဖြစ်သဖြင့် ဖုန်း-၅၄၇၀၂၅၊ ၅၅၃၅၄၂၊ ၅၅၃၁၄၁တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၇-၃-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၂၅	၅။	ကျန်းမာသုတ
၁၂:၃၀	၆။	ရုပ်မြင်သံကြားဇာတ်လမ်း **ရင်ထဲကဆောင်းရာသီ (ဒုတိယပိုင်း) လွင်မိုး၊ ထွန်းအိန္ဒြာဗို**
၁၃:၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၄:၃၅	၄။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅:၃၅	၅။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၇။	နိုင်ငံတကာသတင်း
၆:၂၀	၈။	မိုးလေဝသသတင်း
၆:၂၅	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၀။	လျှပ်တစ်ပြက်
၆:၄၀	၁၁။	အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံစဉ်မဲ့မေတ္တာ** (အပိုင်း-၁၈)
၈:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၆။	English Premier League ဘောလုံးပွဲ Chelsea Vs Sheffield United (Live)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တာချီလိတ်ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီးဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်နှင့်စေတနာ ပေါင်းစပ်ဆောင်ရွက်ရေး၊ စည်းကမ်းဥပဒေဘောင်အတွင်းမှ အခွန်အကောက်များ ပိုမိုရရှိရန် ကြိုးစားဆောင်ရွက်ရေး၊ တာချီလိတ်မြို့သည် နယ်စပ်မြို့ဖြစ်ရာ အဆင့်အတန်းရှိအောင် ဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်တို့သည် တာချီလိတ်ခရိုင်၊ မြို့နယ်အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား နယ်မြေခံတပ် ဧည့်ရိပ်သာ၌ တွေ့ဆုံသည်။

ပူးပေါင်းဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဒေါက်တာမြင့်အောင်က အသင်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အသင်းအနေဖြင့် တစ်ပိုင် တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် ဒေသအတွင်း စံနမူနာပြလုပ်ဆောင်ကြရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပြီး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးမှာကြားသည်။ **(သတင်းစဉ်)**

✪ **ကျောဖုံးမှ**

အဆိုပါ အခမ်းအနားများသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ငွေဆောင်-ဆင်မ-ငရုတ်ကောင်း မြေသားလမ်းနှင့် ငရုတ်ကောင်း-ငရုတ်ကောင်းတောင် မြေသားလမ်းဖွင့်ပွဲအခမ်းအနားကို နံနက်စနာရီတွင် ငရုတ်ကောင်းမြို့ မြို့ဝင်လမ်းမဆုံပေါ်ရှိ လမ်းဖွင့်ပွဲ မုခ်ဦးရှေ့၌ကျင်းပရာ အစီအစဉ်အရ ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက လမ်းများဖောက်လုပ်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ငရုတ်ကောင်းမြို့မှ ရပ်မိရပ်ဖတစ်ဦးက လမ်းဖောက်လုပ်ပေးမှုအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားပြောကြားသည်။

အထိမ်းအမှတ်အလံပေး

ယင်းနောက်ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများထံ လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်သည်။

လမ်းဖွင့်လှစ်

ထို့နောက် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်၍ မြေသားလမ်းကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြေသားလမ်းကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ယခုဖွင့်လှစ်လိုက်သောငွေဆောင်-ဆင်မ-ငရုတ်ကောင်း ကမ်းခြေလမ်းမှာ အရှည်၃၂မိုင်ရှိပြီး ပေ ၁၀၀အထက် တံတားခြောက်စင်း၊ ပေ ၁၀၀အောက် တံတားလတ်ခုနစ်စင်းနှင့် တံတားငယ်များကိုတည်ဆောက်ပြီးစီးနေပြီးအကျယ်ပေ၄၅၀ရှိ သစ်ရောင်း တံတားတစ်စင်းသာ တည်ဆောက်ရန် ကျန်ရှိသည်။

ဖွံ့ဖြိုးလာမည်

အဆိုပါ ချောင်းကူးတွင် ကူးတို့စနစ်ဖြင့် ခရီးသည်မော်တော်ယာဉ်များပြေးဆွဲရန် စီစဉ်ထားပြီး ယင်းကမ်းခြေလမ်းအတိုင်း ငရုတ်ကောင်းမြို့မှ ပုသိမ်မြို့သို့ ၆၁မိုင်ခရီးကို အချိန်တိုအတွင်း သွားရောက်နိုင်မည်ဖြစ်ရာ ငွေဆောင်/ငရုတ်ကောင်း လမ်းတစ်လျှောက် ကျေးရွာအုပ်စုခြောက်အုပ်စုရှိ ကျေးရွာပေါင်း၂၃ရွာမှ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာကာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့သည်လည်း ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သည်။

ငရုတ်ကောင်း – ငရုတ်ကောင်းတောင်လမ်းမှာ မိုင်၂၀ရှိပြီး ငရုတ်ကောင်းတောင်ကျေးရွာတွင်စိန်တောင်-မော်တင်လမ်းပေါင်းဆုံကာ ယင်းမှတစ်ဆင့်ပုသိမ်သို့ လည်းကောင်း၊ မော်တင်သို့ လည်းကောင်း သွားရောက်နိုင်တော့မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပိတောက်ကုန်းတံတားဖွင့်ပွဲအခမ်းအနားကျင်းပမည့် အလယ်ကျေးရွာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှင်းလင်း

ယင်းနောက် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပိတောက်ကုန်းတံတားဖွင့်ပွဲအခမ်းအနားကို နံနက်၉နာရီတွင် ငရုတ်ကောင်းဒေသရှိ အလယ်ကျေးရွာပိတောက်ကုန်း တံတားမုခ်ဦး၌ ကျင်းပရာ အစီအစဉ်အရငရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက တံတားတည်ဆောက်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ငရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်၍ ပိတောက်ကုန်း တံတားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တံတားပေါ်မှ ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြသည်။

တံတားဖွင့်ပွဲ အခမ်းအနားအပြီးတွင်ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မိုးတိမ်ပြင်ကျေးရွာ အုပ်စုမှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ကနစိုးကုန်း ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ သဲဖြူကျေးရွာ အုပ်စုမှ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ သဲဖြူကျေးရွာ သဲဖြူတံတားသို့ ရောက်ရှိကြပြီး တံတား၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တံတားရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် မပြတ်စစ်ဆေးကြပ်မတ် ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရှောက်ချောင်းကျေးရွာ ရှောက်ချောင်းတံတားသို့ရောက်ရှိပြီး တံတား၏ ကြံ့ခိုင်မှုနှင့် ချောင်း၏ ရေစီးရေလာအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံပွဲတက်ရောက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငွေဆောင်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး မွန်းလွဲ၂နာရီတွင် ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းရှိ Aureum Palace Resort & Spa ခန်းမ၌ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်)ဥက္ကဋ္ဌ ဦးလှမောင်ရွှေနှင့် ဟိုတယ်လုပ်ငန်းရှင်များက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဟိုတယ်လုပ်ငန်းရှင်များ ငွေဆောင်ဇုန်၌ ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းဟိုတယ်ဇုန် ပိုမိုသာယာစည်ကားစေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ဟိုတယ်ဇုန်သာယာလှပရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ငွေဆောင်ဇုန်၌ ပြည်တွင်း ပြည်ပဧည့်သည်များ လာရောက်အပန်းဖြေမှုနှင့် ဝန်ကြီးဌာနအနေဖြင့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဟိုတယ်လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တိုက်တွန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်အနေဖြင့် ငွေဆောင်ကို ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်ပေးခဲ့ပြီးဖြစ်ရာ လက်ရှိငွေဆောင်ကမ်းခြေသည် အပန်းဖြေ စခန်းတစ်ခု အဖြစ် ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာလှပလျက်ရှိကြောင်း၊ ထို့ကြောင့် ဟိုတယ်လုပ်ငန်းရှင်များကလည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် မိမိတို့ ဟိုတယ်ဇုန်နှင့် ဟိုတယ်လုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ဆောင်ရွက်ကြရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌လည်း ကူညီပံ့ပိုးဖြည့်ဆည်း ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် မတ် ၁၆

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Silver Wave Sputnik Petroleum Pte. Ltd. နှင့် Silver Wave Energy Pte, Ltd.တို့သည် ကုန်းတွင်းပိုင်းလုပ်ကွက် B-2၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်(Production Sharing Contract)ကို မတ်၁၅ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုသည်။

တက်ရောက်

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Mikhail M. Mgeladze၊ Republic of Kalmykia၊ (ရုရှားဖက်ဒရေးရှင်း)မှ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Boris Chedyrov၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E. Mr. Tatarkhan R. Kubanov ၊ Silver Wave Energy Pte, Ltd. ဥက္ကဋ္ဌ ဦးမင်းမင်းအောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကား ပြောကြားပြီး Republic of Kalmykia မှ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Boris Chedyrov နှင့်မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ Republic of Kalmykia မှ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Boris Chedyrov ၊Silver Wave Energy Pte, Ltd. ဥက္ကဋ္ဌ ဦးမင်းမင်းအောင်နှင့် အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ Silver Wave Sputnik Petroleum Pte, Ltd. Director Mr. Timur Bambuev နှင့် Silver Wave Energy Pte, Ltd. Director ဦးဘိုဘိုအောင်တို့က လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကိုလည်းကောင်း ပေးအပ်ရာ Republic of Kalmykia မှ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Boris Chedyrov က လက်ခံရယူသည်။ **(အပေါ်ပုံ)**

ယင်းလက်မှတ်ရေးထိုးချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်သည် ကုန်းတွင်းပိုင်းလုပ်ကွက် B-2 (ဇီးဖြူတောင်-နန်တောဒေသ)၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများကိုထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး အခြေခံဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်နိုင်ငံ ကျန်စီပြည်နယ်ရှိ ကွန်ပျူတာပြခန်းတစ်ခု၌ အင်တာနက် အသုံးပြုသူများကို မတ် ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဓာတ်မြေဩဇာသုံးစွဲမှု ဗီယက်နမ်၌ ပိုမိုများပြား ယခုနှစ်၌ တန်ချိန်ကိုးသိန်း တင်သွင်းရမည်

ဟနွိုင်း မတ် ၁၆

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်၌ ယူရီးယားဓာတ်မြေဩဇာတန်ချိန် ကိုးသိန်း ပြည်ပမှတင်သွင်းရမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး အေဂျင်စီက မတ် ၁၃ ရက်၌ ပြောကြားသည်။ ထိုသို့ ပြည်ပမှ တင်သွင်းရမှုသည် ၂၀၀၆ ခုနှစ်ကထက် ဓာတ်မြေဩဇာတန်ချိန် ၂၇ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း ဗီယက်နမ် လယ်ယာစိုက်ပျိုးရေး အေဂျင်စီက ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် တစ်နှစ်လျှင် ယူရီးယားဓာတ်မြေဩဇာတန်ချိန် ၁ ဒသမ ၈ သန်း လိုအပ်လျက်ရှိရာ ပြည်တွင်းမှ အဆိုပါလိုအပ်ချက်၏ ထက်ဝက်ခန့်ကိုသာ ဖြည့်ဆည်းပေးနိုင်စွမ်းရှိနေသည်။

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ် ပထမနှစ်လတာကာလအတွင်း အမျိုးအစားမတူသော ဓာတ်မြေဩဇာတန်ချိန် ၄၇၁၀၀၀ တန် တင်သွင်းခဲ့ပြီးဖြစ်ရာ နှစ်ချင်းအလိုက် တိုးမြှင့်တင်သွင်းရမှုမှာ ၃၇ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၃၆ ဒသမ ၆ ရာခိုင်နှုန်းအကြားရှိကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

ဓာတ်မြေဩဇာများကို တရုတ်၊ အင်ဒိုနီးရှား၊ ရုရှားနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများမှ တင်သွင်းခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်၌ ပေါက်ကွဲမှုဖြစ်ပွား

ကဘူးလ် မတ် ၁၆

အာဖဂန်နစ္စတန်နိုင်ငံ၏မြို့တော် ကဘူးလ်မြို့လယ်တွင် မတ် ၁၄ရက် နံနက်ပိုင်းက ခဲယမ်းမီးကျောက်ဈေး၌ မတော်တဆပေါက်ကွဲမှုကြောင့် လူ ၁၀ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း သိရသည်။

အကြမ်းဖက်

ပေါက်ကွဲမှုသည် ဒေသစံတော်ချိန် နံနက် ၇နာရီတွင် ဖြစ်ပွားခဲ့ကြောင်း၊ အကြမ်းဖက် တိုက်ခိုက်မှု မဟုတ်ကြောင်း အခင်းဖြစ်ပွားရာ အရပ်ရှိ ရဲအရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

ပျက်စီး

မီးသတ်သမားများ၊ ရဲများနှင့် အရပ်သားများသည် ပစ္စည်းများကို တူးဖော်ယူခဲ့ကြရကြောင်း၊ အသေအပျောက်ဦးရေတိုးလာမည်ဟု မျှော်လင့်ရကြောင်း၊ ဆိုင်များအစုလိုက် အပြုံလိုက် ပြောင်တလင်းခါသွားပြီး အုတ်များ၊ ယက်မများ၊ ပစ္စည်းအပျက်အစီးများနှင့် အခြားအကျိုးအပဲ့များသည် တောင်ပူစာသဖွယ် စုပုံသွားကြောင်း၊ အခင်းဖြစ်ပွားရာ နေရာရှိ ယာဉ်နှစ်စီးမှာ လုံးဝပျက်စီးသွားကြောင်း သတင်းရရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့၌ ကလေးငယ်များအား ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးနေသည်ကို မတ် ၁၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်နှင့်ဩစတြေးလျ လုံခြုံရေးဆိုင်ရာ သဘောတူစာချုပ်

မဲလ်ဘုန်း မတ် ၁၆

ပစိဖိတ်ဒေသတွင်း နိုင်ငံများအနေဖြင့် လုံခြုံရေး၊ အကြမ်းဖက်တိုက်ခိုက်မှုနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုများ စသည့်နယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ကြရေး သဘောတူစာချုပ်တစ်ရပ်ကို ဂျပန်နှင့်ဩစတြေးလျ နှစ်နိုင်ငံဝန်ကြီးချုပ်တို့က မတ် ၁၃ ရက်၌ သဘောတူလက်မှတ်ရေးထိုးလိုက်ကြသည်။

တရုတ်နိုင်ငံကလည်း ဒေသဆိုင်ရာ လုံခြုံရေးနှင့်တည်ငြိမ်ရေးတို့အတွက် အဆိုပါစာချုပ်အပေါ် သဘောထားအမြင်တူညီမှုရှိခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဂျပန်နှင့်ဩစတြေးလျ နှစ်နိုင်ငံတို့အနေဖြင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရေး၊ လေ့ကျင့်ရေး၊ ငြိမ်းချမ်းမှုထိန်းသိမ်းရေးနှင့် လူသားအကျိုးပြုကိစ္စရပ်များနှင့် နှစ်နိုင်ငံနယ်စပ်လုံခြုံရေးကိစ္စကိုလည်း ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြသည်။

အမ်အင်န်အေ၊ပီတီအိုင်

အက်ဖ်တီအေကြောင့် စင်ကာပူကုမ္ပဏီများ အကျိုးအမြတ်ရရှိ

စင်ကာပူ မတ် ၁၆

စင်ကာပူနိုင်ငံမှ ထုတ်ကုန်ပစ္စည်း ၃၀ ရာခိုင်နှုန်းကျော်ကို လွတ်လပ်စွာ ကုန်သွယ်ရေး(အက်ဖ်တီအေ) သဘောတူစာချုပ် ချုပ်ဆိုထားသည့် ကုန်သွယ်ဖက် နိုင်ငံ ၁၁ နိုင်ငံအား တင်ပို့ပေးနိုင်ခဲ့ကြောင်း စင်ကာပူနိုင်ငံမှ ထိပ်တန်း အရာရှိတစ်ဦးက မတ် ၁၄ရက်၌ ပြောကြားလိုက်သည်။

ယခုနှစ်၏ အက်ဖ်တီအေအထိမ်းအမှတ် အခမ်းအနားတွင် စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး လီယီရှန်းက မိန့်ခွန်း ပြောကြားရာတွင် အမေရိကန်၊ ဥရောပ နိုင်ငံများ၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံကဲ့သို့သော အက်ဖ်တီအေစာချုပ်ချုပ်ဆိုထားသောနိုင်ငံများနှင့်အတူ ကမ္ဘာ့ဂျီဒီပီ၏ ၄၆ ရာခိုင်နှုန်းကျော်ကို တင်ပို့ပေးနိုင်ခဲ့သည်ဟု ပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

အက်ဖ်တီအေစာချုပ် ချုပ်ဆိုထား သော နိုင်ငံများနှင့်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်ပစ္စည်းစီးဆင်းမှု စသည်တို့ကို အပြန်အလှန် ပြုလုပ်ဆောင်ရွက်သွားမည်ဟု ၎င်းက ပြောကြားသည်။

ပြောကြား

စင်ကာပူ အခြေစိုက်ကုမ္ပဏီများ အနေဖြင့် အက်ဖ်တီအေ၏ အကျိုးကျေးဇူးကြောင့် ၂၀၀၆ ခုနှစ်တွင် ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၀၇ သန်း အကျိုးအမြတ်ရရှိခဲ့ကြောင်း စင်ကာပူကုန်သွယ်ရေးဝန်ကြီး လီယီရှန်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံတွင် တိရစ္ဆာန်အညစ်အကြေးမှ စွမ်းအင်ထုတ်မည်

ဆိုးလ် မတ် ၁၆

တောင်ကိုရီးယားနိုင်ငံတွင် စွမ်းအင်ဖွံ့ဖြိုးမှု ရရှိစေရန်အတွက် တိရစ္ဆာန်များ၏ စွန့်ပစ်အညစ်အကြေးများမှ ရယူမည့်လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ရုံကို ဆိုးလ်မြို့၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက မတ် ၁၄ ရက်၌ သတင်းထုတ်ပြန်သည်။

တန်ချိန်

ထိုသို့ တိရစ္ဆာန်အညစ်အကြေးမှ လျှပ်စစ်ဓာတ်အား ထုတ်ယူရာတွင် တစ်နေ့လျှင် ဝက်အကောင် ၂၅၀၀ မှ အညစ်အကြေးတန်ချိန် ၂၀ ခန့် လိုအပ်မည်ဖြစ်သည်။ ယင်းဝက်များ၏ မစင်အညစ်အကြေးမှ လောင်ကျွမ်းထွက်ရှိလာသည့် စွမ်းအင်သည် လျှပ်စစ်ဓာတ်အားကီလိုဝပ် ၃၀ ထုတ်လုပ်ရရှိနိုင်မည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အား

ထိုဝက်များ၏ မစင် အညစ်အကြေးမှ ထုတ်ယူရရှိသည့် လျှပ်စစ်စွမ်းအားသည် နေအိမ် ၁၀၀ ခန့်ကို လျှပ်စစ်ဓာတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားစက်ရုံကို ဆိုးလ်မြို့အရှေ့တောင်ဘက်၌ တည်ဆောက်ရန်သတ်မှတ်ထားကြောင်း၊ ၎င်းစက်ရုံမှ ထွက်ရှိသော ဓာတ်ငွေ့အာနိသင်များမှာ ပတ်ဝန်းကျင်၌ ထိခိုက်မှုဖြစ်နိုင်သော်လည်း ခေတ်မီသောစက်ကိရိယာများဖြင့် လုံခြုံစိတ်ချမှုဖြစ်အောင် ပြုလုပ်သွားမည် ဖြစ်ကြောင်း တောင်ကိုရီးယားစွမ်းအင် ဝန်ကြီးဌာနမှ ပြောကြားသည်။

ထုတ်ယူနိုင်မည်

တောင်ကိုရီးယားနိုင်ငံတွင် နှစ်စဉ် တိရစ္ဆာန်အညစ်အကြေးတန်ချိန် ၅၁ သန်းခန့် ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။ ၎င်းအညစ်အကြေးမှ တစ်နှစ်လျှင် ရေနံတန်ချိန် ၃၆၀၀၀၀ နှင့် ညီမျှသော စွမ်းအင်ကို ထုတ်ယူနိုင်မည်ဖြစ်ကြောင်း တောင်ကိုရီးယားစွမ်းအင်ဝန်ကြီးဌာနမှ ပြောကြားသည်။

တည်ဆောက်နိုင်

မိမိတို့အနေဖြင့် ယခုနှစ်အတွင်း အဆိုပါ စွမ်းအင်စက်ရုံ အမျိုးအစား သုံးခုကို တည်ဆောက်သွားရန် စီစဉ်လျက်ရှိပြီး ၂၀၀၈ ခုနှစ်တွင် ၎င်းစက်ရုံမျိုး ၂၀ ကျော် တည်ဆောက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားစွမ်းအင် ဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ ခွိုင်ဗြောင်ဒယ်က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ကက်ရှ်မီးယား၌ ဆီးနှင်းများ ထူထပ်စွာကျဆင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်

ဆရီနာဂါ မတ် ၁၆

အိန္ဒိယနိုင်ငံ၏ ကက်ရှ်မီးယား ဒေသအပိုင်းတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းပြီး အရည်ပျော်မှုကြောင့် နေအိမ်များပြိုလဲကာ လူ ၁၂ဦး သေဆုံးသွားခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က မတ် ၁၄ရက်၌ ပြောကြားသည်။

ပိတ်ဆို့

ထိုသို့ ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်လျက်ရှိပြီး တယ်လီဖုန်းလိုင်းများ ဖြတ်တောက်လျက်ရှိသည်။

ဒေသဆိုင်ရာ အာဏာပိုင်များက စာသင်ကျောင်းများ ပိတ်ထားခဲ့ရပြီး အဓိကလမ်းမကြီးများ၊ အိန္ဒိယနှင့် ဆက်သွယ်ရာ တောင်ကြားလမ်းများတွင် ဆီးနှင်းခဲများနှင့် မြေပြိုမှုများကြောင့် ပိတ်ဆို့လျက်ရှိသည်။

ပြောကြား

ယခုကဲ့သို့ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းမှုသည်**(အောက်ပုံ)** ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။ သေဆုံးသူများမှာ မြေပြိုမှုများကြောင့် ပိတ်ဆို့နေသော လမ်းများပေါ်တွင် ခရီးသွားရင်း သေဆုံးခဲ့ကြရခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ မိုးလေဝသအရာရှိတစ်ဦးက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

● ရှေ့ဖုံးမှ

ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးရွာ၏ ကိုယ့်အားကိုယ်ကိုး အမှတ်(၃၄)တွဲဖက် အခြေခံပညာ အလယ်တန်းကျောင်း အဆောက်အအုံကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအတွက်ကျောင်းသုံးဗလာစာအုပ်များကို ဝဲကြီးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဖေအား လည်းကောင်း၊ ကျေးရွာအတွက် အားကစားပစ္စည်းများကို ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးတင်ထွေးအားလည်းကောင်း ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာ–ချောင်းဝလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာ၍ ချောင်းဝကျေးရွာ၌ ကောက်ကွေ့ချောင်းအားချောင်းဝကျေးရွာအနီး တံတားဖြတ်ကူးနိုင်သည့် အခြေအနေများနှင့် ချောင်းဝကျေးရွာမှ ကျောက်ကြီးကျေးရွာသို့ လမ်းဖောက်လုပ်နိုင်ရေး မြေအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမြတ်လင်းက ရှင်းလင်းတင်ပြပြီး တိုင်းမှူးကလိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ချောင်းဝကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် ဧရာဝတီမြစ်ရေ စီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အမှတ်(၃) ခရိုင်ချင်းဆက် လမ်းအတိုင်း ပြန်လည်ထွက်ခွာလာကြရာ နံနက် ၁၁နာရီ ၁၀မိနစ်တွင် စစ်ကိုင်းတိုင်း ကသာမြို့နယ်နှင့် ကချင်ပြည်နယ် ရွှေကူမြို့နယ် မိုင်တိုင်အမှတ်(၂၂၄/၇) သို့ ရောက်ရှိကြပြီး ချောင်းကူးတံတားကို ကြည့်ရှုစစ်ဆေးသည်။

လမ်းဖောက်မှုစစ်ဆေး

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရွှေကူမြို့နယ် မြို့လှကျေးရွာ မိုင်တိုင် (၂၂၇/၁)ရှိ အရှည်ပေ၁၅၀ရှိ ကောက်ကွေ့ချောင်းကူးတံတားသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ မြို့လှကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ခိုင်က ကျေးရွာ၏ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးသက်ဝေက ခရိုင်ချင်းဆက်လမ်း အမှတ် (၃) ကသာ–မြို့လှ–ဆင်ဘိုလမ်းအပိုင်းအနက်မြို့လှ–ဆင်ဘိုအပိုင်း၅၅မိုင်ကို တစ်ကြောင်းထိုး လမ်း ဖောက်လုပ်ခြင်း၊ လမ်းအလင်းဖွင့်ခြင်း၊ တာပေါင်ဖို့ခြင်းနှင့် လမ်းဘေးရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကသာ–ဗန်းမော် လမ်းဖောက်လုပ်နိုင်မည့် လမ်းအကြောင်းရာဖွေရေးနှင့် ပတ်သက်၍ မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမြတ်လင်းနှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့မှတစ်ဆင့် ဆက်လက်ထွက်ခွာကြရာ ကသာ–ဆင်ဘို–မြစ်ကြီးနားလမ်းနှင့် ကျောက်ကြီး–ရွှေကူလမ်းဆုံ၊ အမတ်ကြီးကုန်း၌ စက်ယန္တရားများဖြင့် မြေသားဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီမြစ်ကမ်းရှိ ကျောက်ကြီး သစ်ဆိပ်ကမ်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ဒေသဖွံ့ဖြိုးမှုတင်ပြ

ထို့နောက် တာဝန်ရှိသူများက ကျောက်ကြီး – စီင်နန်း – ကျောက်ဖျာ – စင်းခန်းလမ်းကြောင်း အခြေအနေကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြ၍ ကျောက်ကြီးနှင့်ကျောက်တစ်လုံးကျေးရွာများမှ ဥက္ကဋ္ဌများက ဒေသ၏စီးပွားရေး၊ လူမှုရေးနှင့်လမ်းပန်းဆက်သွယ်မှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ဒေသ၏ သစ်တောနှင့်သစ်ထုတ်လုပ်မှု၊ လမ်းပန်းဆက်သွယ်မှု၊ သီးနှံများစိုက်ပျိုးမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှု အခြေအနေများနှင့် စီင်နန်းကျေးရွာ၌ လမ်းအကြောင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကျောက်စားပွဲတောင်သို့ ရောက်ရှိကြပြီး လမ်းကြောင်းအခြေအနေကို ကြည့်ရှုစစ်ဆေး၍ ကျောက်ပြန်ကျေးရွာ ဇက်ဆိပ်မှ တစ်ဆင့် ရေယာဉ်များဖြင့် ဧရာဝတီမြစ် တစ်ဖက်ကမ်းရှိ ဗန်းမော်ခရိုင် စင်းခန်းကျေးရွာ တောက်တဲ့ကုန်းသစ်ဆိပ်သို့ ရောက်ရှိကြသည်။ ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မန္တလေး–ရွှေကူ–ဗန်းမော် လမ်းကြောင်းအတိုင်း ပြန်လည်ထွက်ခွာကြရာ ရွှေကူမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မတ် ၁၆ ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ မြောက်ဥက္ကလာပမြို့နယ် မဏိရတနာသီလရှင်ကျောင်းတိုက်အတွင်းရှိ မဏိသာသနာသုံးထပ်ကျောင်းဆောင်အတွက် အလှူရှင် ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘင်းမ်စတက် လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ် ကျွမ်းကျင်သူများ အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၆

ဘင်းမ်စတက် လယ်ယာစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ်ကျွမ်းကျင်သူများအစည်းအဝေး (The First Expert Group Meeting of BIMSTEC On Agricultural Cooperation) ဖွင့်ပွဲအခမ်းအနားကို မတ် ၁၅ ရက် နံနက် ၁၁ နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ဘူတန်၊အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့မှလယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး **(အပေါ်ပုံ)**က အဖွင့် အမှာစကားပြောကြားရာတွင် ဘင်းမ်စတက်နိုင်ငံများသည် ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ပထဝီအနေအထားအရ အချက်အချာကျခြင်း၊ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအတွင်း ပေါင်းကူးတံတားသဖွယ်ဖြစ်နေခြင်းတို့ကြောင့် စိုက်ပျိုးရေးနိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် ဘင်းမ်စတက်သည် ဒေသခွဲအတွင်း စီးပွားရေးဖွံ့ဖြိုး တိုးတက်ရန်နှင့် ဆင်းရဲမှုလျှော့ချရန်အတွက် စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ ဘင်းမ်စတက်စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍမှ ခိုင်မာသည့် စီမံကိန်းများဖော်ထုတ်နိုင်ရန် မျှော်လင့်ပါကြောင်း၊ စီမံကိန်းများဆောင်ရွက်ရာတွင် အကျိုးများစွာရှိစေရန်အတွက် အဖွဲ့ဝင်နိုင်ငံများသည် အဖွဲ့ဝင်မဟုတ်သော ဖွံ့ဖြိုးတိုးတက်မှုရှိသည့် မိတ်ဖက်နိုင်ငံများ၊ ပုဂ္ဂလိက ကဏ္ဍတို့နှင့်လည်းပူးပေါင်း၍ ဖော်ထုတ်အသုံးပြုနိုင်မည့် အရင်းအမြစ်များ၊ နည်းလမ်းများကို ကျွမ်းကျင်ပညာရှင်များအဖွဲ့က ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ ဘင်းမ်စတက်အဖွဲ့တွင် မြန်မာနိုင်ငံကို စိုက်ပျိုးရေးကဏ္ဍ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်ရန် ယုံကြည်စွာ သတ်မှတ်ပေးခဲ့သဖြင့် အခြားအဖွဲ့ဝင်နိုင်ငံများကို အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ဖွင့်ပွဲအခမ်းအနား တက်ရောက်သူများနှင့်အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ပူးပေါင်းဆောင်ရွက်ရေး

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (Bay of Bengal Initiative for Multi- Sectoral Technical and Economic Cooperation) ဘင်းမ်စတက်လယ်ယာစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ်ကျွမ်းကျင်သူများအစည်းအဝေးကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

စိုက်ပျိုးရေးကဏ္ဍ

ဘင်းမ်စတက်အောက်ရှိ ကဏ္ဍကြီး ၁၃ ခု၌ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍတွင် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ညှိနှိုင်းသတ်မှတ်နိုင်ရေးအတွက် ဘင်းမ်စတက်လယ်ယာစိုက်ပျိုးရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ် ကျွမ်းကျင်သူများအစည်းအဝေးကို မြန်မာနိုင်ငံ၌ ကျင်းပခြင်းဖြစ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇–၃–၂၀၀၇
(စနေနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ ဓမ္မဒေသလေးပါးတရားတော် (အပိုင်း–၂) [သီတဂူဆရာတော် အရှင်ဉာဏိသာရ)
- ၈:၀၀ ICT Caravan (2007) “မော်လမြိုင်ခရီးစဉ်”
- ၈:၁၅ တေးဂီတအစီအစဉ်
- ၈:၂၀ အနုပညာရပ်ဝန်းမှပွဲတင်သံများ (ငါ့ခါး၊ ငါ့သွေး၊ ငါ့ဧရာဝတီ)
- ၉:၀၅ တေးဂီတအစီအစဉ်
- ၉:၁၀ မိုးကောင်းညောင်ရမ်းကျောင်း မှတ်တမ်း
- ၉:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၃၅ တစ်ပတ်အတွင်း အားကစားသတင်း
- ၉:၅၀ ကျိုက်မော်ဝန်းရေလယ်စေတီတော် (ဗုဒ္ဓပူဇနီယပွဲတော်)
- ၁၀:၀၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၃၅ ချောင်းသာကမ်းခြေအလှနှင့် သဲပန်းပုအနုပညာ
- ၁၀:၅၀ တေးဂီတအစီအစဉ်
- ၁၀:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၀၀ ရှေးမူလက်ရာလေ့လာစရာ ဖိုလ်ဝင်နှင့်ရွှေဘတောင်တော်မှာ
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ ကလေးတို့အတွက်လက်ဆောင် (ဦးထုပ်ပုံ၊ ဦးထုပ်ချွန်)
- ၁၁:၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၄၀ ရေကောင်းရေသန့်ပေးဝေမည် ရန်ကုန်မြို့နေပြည်သူတွေဆီ
- ၁၂:၀၀ တေးဂီတအစီအစဉ်
- ၁၂:၀၅ ကောင်းကင်သစ်ရဲ့အနီး ပုံ့ပိုးဖန်တီးနည်းပညာခရီး
- ၁၂:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၃၅ လောကကိုအလှဆင်မည့် ပန်းများ၏ဥယျာဉ်
- ၁၂:၅၅ တေးဂီတအစီအစဉ်
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ် မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၀၀	ပွဲကြိုသုံးသပ်ချက်–၁	5-Sports
၆:၃၀	ပွဲကြိုသုံးသပ်ချက်–၂	5-Sports(Live)
၇:၁၀	Man:Utd-Bolton	5-Sports (Live)
၉:၂၅	Chelsea-Sheffield United	5-Sports (Live)
	Reading-Portsmouth	5-Series (Live)
	Tottenham-Watford	5-Cartoons (Live)
၁၁:၄၀	Blackburn-West Ham	5-Series (Live)

အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

နေပြည်တော် မတ် ၁၆

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသည် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို မှတ်ပုံတင်ပေးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများ၏ စက်ရုံများရှိ ဘွိုင်လာများ၊ လျှပ်စစ်ပစ္စည်းများနှင့် လျှပ်စစ်ဆက်သွယ်မှုကို ဘွိုင်လာဥပဒေ၊ လျှပ်စစ်ဥပဒေတို့အရ သတ်မှတ်ထားသော ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတိုင်း ဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဝန်ထမ်းတစ်ဦးဦးသည် ဝန်ထမ်းများ၏ ကျင့်ဝတ်သိက္ခာနှင့် တာဝန်ကိုဖောက်ဖျက်သည့် အပြုအမူ တစ်စုံတစ်ရာ ကျူးလွန်ပါက နစ်နာသူများသည် ကိုယ်တိုင်စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်စ်ဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည်။ ယင်းတို့မှာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး ဖုန်း–၀၆၇–၄၀၈၀၇၉၊ ဖက်စ်–၀၆၇–၄၀၈၃၃၃တို့ ဖြစ်သည်။

(သတင်းစဉ်)

17-3 (05) 1 3/17/07, 2:37 PM

ရွှေတိဂုံပုံတူစေတီတော် အုတ်မြစ်တော်စီအခမ်းအနား တက်ရောက်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အင်ဒိုနီးရှားသို့ ကြွရောက်တော်မူ

ရန်ကုန် မတ် ၁၆

အင်ဒိုနီးရှားသမ္မတနိုင်ငံတွင်ကျင်းပမည့် ရွှေတိဂုံပုံတူစေတီတော် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရနှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့မှ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ကြွရောက်တော်မူကြသည်။ **(ယာပုံ)**

ဆရာတော် ဘဒ္ဒန္တကုမာရနှင့်အဖွဲ့အား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယ၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသီရိဘိဝံသ၊ အဖွဲ့ဝင်ဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာ မြင့်ကြည်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပည့်ဒါယကာ ဒါယိကာမများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၏ ဒေသဖွံ့ဖြိုးရေး အထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၅) ဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ရည်မှန်းချက်ပန်းတိုင်ရောက်အောင် အသိ၊အမြင်၊အတွေး မှန်ကန်စွာဆောင်ရွက်

ရန်ကုန် မတ် ၁၆

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဒေသဖွံ့ဖြိုးရေး အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅) ဆင်းပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်တစ်ဝန်းလုံး၌ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များမရှိစေဘဲ မျှမျှတတ တိုးတက်မှုရရှိစေရန် ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးခု အကောင်အထည် ဖော်နေသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ နယ်စပ်ဒေသ တိုးတက်ဖွံ့ဖြိုးရေးအတွက် တရားဥပဒေလေးစား စောင့်ထိန်းမှုဖြစ်ထွန်းပေါ်ပေါက်စေရန် အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ကြမည့် ယခုသင်တန်းဆင်းများသည် မိမိ တာဝန်ကျရာဒေသ၌ မိမိတာဝန်ထမ်းဆောင်ခိုက် ဒေသဖွံ့ဖြိုးရေးအတွက် လုပ်သင့်လုပ်ထိုက်သည်များကို ကြိုးစားလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ရည်မှန်းချက် ပန်းတိုင်ရောက်ရှိအောင် အသိ၊ အမြင်၊ အတွေးမှန်ကန်စွာဖြင့် လုပ်ငန်းများကိုကြိုးစားဆောင်ရွက်သွားကြပါဟု မှာကြားသည်။

အောင်လက်မှတ်

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက သင်တန်းသား ထူးချွန်ဆုနှင့် စံပြအဆောင်ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

သင်တန်းကာလ

အဆိုပါသင်တန်းသို့ ဦးစီးဌာန ၁၅ ခုမှ သင်တန်းသား ၃၄၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

တူရကီသမ္မတနိုင်ငံ တွဲဖက်အတွင်းဝန်သံအမတ်ကြီး မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့

နေပြည်တော် မတ် ၁၆

တူရကီသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၏ အထူးကိုယ်စားလှယ် တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန် သံအမတ်ကြီး မစ္စတာရာဖက်အက်ဂူနေးသည် မတ် ၁၄ ရက်မှ ၁၆ ရက်အထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည်။

အမြင်ချင်းဖလှယ်

မစ္စတာရာဖက်အက်ဂူနေးသည် မတ် ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိခဲ့ပြီး ညနေ ၅ နာရီခွဲတွင် နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ သွားရောက်ကာ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား တွေ့ဆုံနှုတ်ဆက်၍ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်ရန်ကိစ္စနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် ဒေသဆိုင်ရာနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ဧည့်သည်တော် တွဲဖက်အတွင်းဝန် သံအမတ်ကြီးအား နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန် သံအမတ်ကြီး မစ္စတာ ရာဖက်အက်ဂူနေးသည် မတ် ၁၆ ရက်တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်အသင်းလိုက်နှင့် လူငယ်တင်းနစ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၁၆

(၆၂)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar C.P ကုမ္ပဏီ၏ ပံ့ပိုးကူညီမှုဖြင့် အသင်းလိုက်နှင့် လူငယ်တင်းနစ်ပြိုင်ပွဲများကို မတ် ၂၀ရက်မှ ၂၆ ရက်အထိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်မည်

ပြိုင်ပွဲအမျိုးအစားများမှာ (က) အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၀ နှစ်၊ ၁၂ နှစ်နှင့် ၁၄ နှစ်အောက် လူငယ် တင်းနစ်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

(က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် တစ်ဦးချင်း နှစ်ပွဲ၊ နှစ်ယောက်တွဲ တစ်တွဲ ကစားခွင့်ပြုကာ အသင်းတစ်သင်းလျှင် အားကစားသမား လေးဦးသို့မဟုတ် ငါးဦး ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး လက်ရွေးစင်များနှင့် ပြည်နယ်၊ တိုင်းအဆင့် အားကစားသမားများ ပါဝင်နိုင်သည်။

(ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် နှစ်ယောက်တွဲ သုံးပွဲ ကစားခွင့်ပြုကာ တစ်သင်းလျှင် ခြောက်ဦး သို့မဟုတ် ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး ပြည်နယ်နှင့် တိုင်းအဆင့် မဟုတ်သူများ ပါဝင်နိုင်သည်။

ကန့်သတ်ချက်မရှိ

အသင်းတစ်သင်းလျှင် ပြည်နယ်၊ တိုင်းအဆင့် အသက် ၄၅နှစ် အထက် လက်ရွေးစင်ဟောင်းတစ်ဦးသာပါဝင်ခွင့်ရှိပြီး ၅၀အထက် လက်ရွေးစင်ဟောင်း ကန့်သတ်ချက်မရှိ ပါဝင်နိုင်သည်။

နယ်မှလာရောက် ယှဉ်ပြိုင်သော ကလပ်အသင်းများနှင့် လူငယ်အားကစားသမားများအား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က တည်းခိုရန်စီစဉ်ပေးမည်။

ဖိတ်ခေါ်

ပြိုင်ပွဲဝင်လိုသူများသည် မတ် ၁၈ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၀၁-၃၇၂၃၆၀ သို့ဆက်သွယ်စာရင်းပေးသွင်းရန်နှင့် မတ်၁၉ရက် မွန်းလွဲ၁နာရီတွင် ပွဲစဉ်များရေးဆွဲမည့် တင်းနစ်အဖွဲ့ချုပ် ရုံးခန်းသို့ အသင်းတာဝန်ရှိသူတစ်ဦး တက်ရောက်ကြရန် ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖျာပုံမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၁၆

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် အမာမြို့ ဒေးဒလူကျေးရွာအုပ်စု ဘုန်းကြီးသောင်ကျေးရွာ အမှတ်(၅) ရပ်ကွက်၌ မတ် ၁၅ရက် နံနက် ၁၀ နာရီကျော်ခန့်တွင် မီးဖိုမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ အိမ် ၅၀၀ ကျော် မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၃၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း၊ မီးဘေးဒုက္ခသည်များအား ကျေးရွာမူလတန်းလွန်ကျောင်းနှင့် ရွာဦးဘုန်းတော်ကြီးကျောင်းတို့တွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပေးပြီး တာဝန်ရှိသူများက လိုအပ်သည်များ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ပင်လယ်ရေညှိမှ ဇီဝလောင်စာထုတ်ယူနိုင်

ဂျေရုဆလင် မတ် ၁၆

လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာသော ကာဗွန်ဒိုင်အောက်ဆိုဒ်ကြောင့် ပေါက်ရောက်လာသည့် ပင်လယ်ရေညှိပင်မှ ဇီဝလောင်စာတစ်မျိုးထုတ်လုပ်ရန် နည်းပညာသစ်တစ်ရပ်ကို အစ္စရေး ပင်လယ်ဇီဝဆိုင်ရာ ကုမ္ပဏီက မကြာသေးမီက ကြေညာလိုက်သည်။

အဆိုပါ နည်းပညာသစ်ကို လီလတ်မြို့တွင် မတ် ၁၁ ရက်က ဖွင့်လှစ်ခဲ့သည့် ပင်လယ်ဇီဝနည်းပညာဆိုင်ရာ နိုင်ငံတကာ ကွန်ဖရင့်၌ ယင်းကုမ္ပဏီက ထုတ်ဖော်ပြသလိုက်ခြင်း ဖြစ်ကြောင်း၊ ပင်လယ်ရေညှိကို လောင်စာဆီထုတ်လုပ်ရန် အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဇီဝလောင်စာ ထုတ်လုပ်နိုင်သော အဆိုပါ ပင်လယ်ရေညှိပင်များကို မြေထဲပင်လယ်ဒေသတွင် တွေ့ရှိရကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကြောင့် ယင်းရေညှိပင်များသည် ရှင်သန်ကြီးထွားမှု မြန်ဆန်စေနိုင်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

ယင်းနည်းပညာဖြင့် ပင်လယ်ရေညှိ ငါးကီလိုဂရမ်လျှင် ဇီဝလောင်စာဆီ တစ်လီတာ ထုတ်လုပ်နိုင်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကိုလည်း လျှော့ချပေးနိုင်ကြောင်း ယင်းနည်းပညာကို တီထွင်ခဲ့သည့် သိပ္ပံပညာရှင်များက ပြောကြားသည်။ (အင်တာနက်)

လှိုင်သာယာ-အသုတ်(ရေကြည်) မဟာဓာတ်အားလိုင်းတည်ဆောက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်

ရန်ကုန် မတ် ၁၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၁၃ရက်က ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်း ငဝန်တံတားအနီး ငါးသိုင်းချောင်းဆိပ်ကမ်းသို့ရောက်ရှိရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က ထရန်စဖော်မာများရောက်ရှိက သယ်ဆောင်နိုင်ရန် လမ်းများဖောက်လုပ်နေပါကြောင်း၊ လှိုင်သာယာ-အသုတ်(ရေကြည်) KV 230 မဟာဓာတ်အားလိုင်း တည်ဆောက်မှုလုပ်ငန်းများ အောင်မြင်စွာပြီးစီးပါကြောင်းနှင့် အသုတ်(ရေကြည်) ဓာတ်အားခွဲရုံ၌ 100 MVA ထရန်စဖော်မာရောက်ရှိရန်ကျန်ရှိပါကြောင်း၊ ထရန်စဖော်မာလေးလုံးကို ရန်ကုန် အေးရှားဝေါလ် ဆိပ်ကမ်းမှ CB တွဲများဖြင့် စတင်သယ်ဆောင်မှုဆောင်ရွက်ပြီး ငါးသိုင်းချောင်းဆိပ်ကမ်းသို့ ရောက်ရှိပါကအသုတ်(ရေကြည်) ခွဲရုံသို့ အမြန်ဆုံးသယ်ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် သွားစေလိုကြောင်းမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ကြိုးစားဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ငါးသိုင်းချောင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးသန်းဌေးက မိမိမြို့နယ်၌ လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဖြန့်ဖြူးပေးမှုအခြေအနေများကိုရှင်းလင်းတင်ပြရာ ဝန်ကြီးက ပြည်သူများကို လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ရေး တာဝန်ရှိသူများ ကြိုးစားဆောင်ရွက်စေလိုကြောင်း ပြောကြားပြီးလိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရေကြည်ပင်မဓာတ်အား ခွဲရုံသို့ရောက်ရှိရာ ပုသိမ်ခရိုင် လျှပ်စစ် အင်ဂျင်နီယာ ဦးသက်ဦးကမြန်အောင်နှင့်ပြည်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်း၊ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ အခြေအနေများကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အားလက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှုတို့တွင် ဟသ်ာတဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားလက်ခံရယူ၍ 66/33KV (10)MVA ထရန်စဖော်မာဖြင့် ဓနုဖြူမြို့နယ်၊ ပန်းတနော်မြို့နယ်၊ အိမ်မဲမြို့နယ်များသို့ လည်းကောင်း၊ 66/33 KV(5)MVA ထရန်စဖော်မာဖြင့် ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ရေကြည်မြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုများကို တိကျမှန်ကန်စွာ ဖြန့်ဖြူးပေးစေလိုကြောင်း မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အသုတ်(ရေကြည်) 230/66/11 KV ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ (အပေါ်ပုံ) ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း) စီမံကိန်းမန်နေဂျာ ဦးစောဝင်းမောင်က လှိုင်သာယာ-အသုတ် (ရေကြည်) KV 230 မဟာဓာတ်အားလိုင်းတည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ယခု ဓာတ်အားခွဲရုံအတွင်း Control Building ဆောက်လုပ် ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ KV 230 Icoming Switch Bay တပ်ဆင်ခြင်းလုပ်ငန်းနှင့် 66 KV ဖီဒါ ခြောက်ခု တပ်ဆင် ပြီးစီးမှု အခြေအနေများကို လည်းကောင်း Transformer များ ရောက်ရှိက ဆက်လက် ဆောင်ရွက်ရမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

စီစဉ်ဆောင်ရွက်ထား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားခွဲရုံအတွင်း Control Pannel များတပ်ဆင်ထားရှိမှု အခြေ အနေများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး Control Room အတွင်း၌လျှပ်စစ်စမ်းသပ်စစ်ဆေးရေးဌာနမှ ဦးညွှန့်သန်းက လှိုင်သာယာမှ KV230 လျှပ်စစ်ဓာတ်အားအဝင်နှင့် 66 KV သို့အဆင့်ချ၍ ဓာတ်အားဖြန့်ဖြူးနိုင်ရန်စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် Switch Yard အတွင်း KV 230 Bus Bar တပ်ဆင်ခြင်း၌ လျှပ်စစ်ကျွမ်းကျင်လုပ်သားများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ Marsha Uing Kiosk Box စနစ်တကျထားရှိမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်စေလိုကြောင်း မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလ ကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် မိဘနှစ်ပါး အမှူးထား၍ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ၄၇လမ်း အမှတ်(၁၄၇) (ပ-လွှာ)နေ ဦးဝင်းထွတ်နှင့် ညီမဒေါ်ညွှန့်ညွှန့်ထွေးတို့က ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ပြည်တော်သာ) အရှင်စန္ဒနမ္မာစရိယထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကံရွာ မောင်းတီးလေးစေတီတော် ဗုဒ္ဓပူဇနီယပွဲ

ရန်ကုန် မတ် ၁၆

ဧရာဝတီတိုင်း ကံကြီးထောင့်မြို့နယ် ကံရွာတိုက်နယ် အမှတ်(၉)ရပ်ကွက် မောင်းတီးလေးရွာတွင် တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင် မောင်းတီးလေးစေတီတော်ကို သာသနာပြုအကျော် ညောင်ပင်သာ ဦးဉာဏောဒယနှင့် တပည့်များဦးဆောင်၍ ဘက်စုံပြုပြင်လျက်ရှိရာ (၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက်) မတ် ၂၅ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အနေကဇာတင်ပွဲ၊ ပဋ္ဌာန်းပူဇော်ပွဲနှင့်အတူ ပျော်ပွဲရွှင်ပွဲများ ကျင်းပမည်ဖြစ်ရာ ဆရာတော်၏ ရပ်ဝေးရပ်နီးတပည့်သာဝကများ ဖူးမြော်ကြည်ညိုလှူဒါန်းနိုင်သည်။

လှူဒါန်းနိုင်

ဘုရားပွဲ၌ ဦးကေသရ(ရွှေစေတီတစ်ထောင်နယ်မြေ)နှင့် ဦးမောင်ကြိုင်မိသားစု မြောင်းမြမြို့မှ ကမကထပြုလုပ်၍ ကံရွာ ရွာလည်ဆရာတော်ကြီးက ဘုရားဖူးဆိပ်ကမ်းလမ်းအတွက် အလှူငွေကျပ်တစ်သိန်း၊ မောင်းတီးလေး အခြေခံပညာမူလတန်းကျောင်းပြုပြင်ရန်အတွက် အလှူငွေကျပ်တစ်သိန်း မတည်လှူဒါန်းမည်ဖြစ်ရာ လမ်း၊ တံတားများ တည်ဆောက်ရေးအတွက် လှူဒါန်းလိုသူများသည် ဖုန်း-၀၄၂-၂၄၉၄၈ ရွာလည်ကျောင်းဆရာတော်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သုခါဝါသ မိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် မတ် ၁၆

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် သုခါဝါသ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ်(၁၈၁)တွင်(၅၇)ကြိမ်မြောက် ၁၀ရက် တရားစခန်းပွဲကို ဧပြီ ၇ရက်မှ ၁၆ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲတွင် ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးပညာဇောတ (မိုးကုတ်ဓမ္မကထိက) မဏိရတနာကျောင်း ဗဟိုလမ်း စမ်းချောင်းမှ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါး တရားတော်များကို ခန္ဓာဉာဏ်ရောက် ဟောကြားမည် ဖြစ်သည်။ ဖုန်း-၅၃၇၃၂၀သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဂါ့မား ဂါ့သွေး ဂါ့ရောဝတီ ရုံတင်ပြီ Dhoom-2 ရွှေဆောင်ရုံ၌ ဆက်လက်ပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် မတ် ၁၆

ဒါရိုက်တာ ထွန်းအောင်ဇော် ရိုက်ကူးပြီး ကျော်သူ၊ ကျော်ရဲအောင်၊ လူမင်း၊ ညွှန့်ဝင်း၊ ထွန်းထွန်းဝင်း၊ သတိုးစော၊ အောင်ပိုင်၊ မျိုးသန္တာထွန်း၊ နန္ဒာလှိုင်၊ ချိုပြုံးနှင့် စမ်းစမ်းအေးတို့ ခေါင်းဆောင်ပါဝင်ထားသော **ဂါ့မား ဂါ့သွေး ဂါ့ရောဝတီ** ဇာတ်ကားသစ်မှာ သမ္မတ၊သွင်နှင့် မင်္ဂလာရုံများတွင် ရုံဝင်လာသည်။

မြန်မာ့မျိုးချစ် သူရဲကောင်းများက နယ်ချဲ့ကိုလိုနီများကို ရရာ လက်နက်စွဲကိုင်တော်လှန်တိုက်ခိုက်သော ရာဇဝင်နောက်ခံ တော်လှန်ရေးဇာတ်ကားဖြစ်သည်။ နန္ဒ၊ ယက္ခ၊ ဒိဗ္ဗ ဆိုသော မြန်မာ ဗိုလ်မှူး သုံးဦးကို တော်လှန်ရေးတာဝန်ပေးသည်မှစ၍နိုင်ငံလွတ်လပ်ရေးအတွက် သားသမီးမျိုးဆက်တိုင်အောင် လက်ဆင့်ကမ်း တိုက်ပွဲဝင်သွားပုံများကို ရိုက်ကူးထားသော တော်လှန်ရေးဇာတ်ကားကောင်း တစ်ကားဖြစ်သည်။

ဂါ့မား ဂါ့သွေး ဂါ့ရောဝတီ ဇာတ်ကားမှ ကျော်သူ၊ ကျော်ရဲအောင်နှင့် လူမင်း။

နေပြည်တော်ရုံတွင် ဂျက်ကီချန်းပါဝင်ထားသော **Rob.B.Hood** ဇာတ်ကား ဆက်လက်ပြသနေပြီး ရွှေဆောင်ရုံတွင် မင်းသား ရှိသစ်ရှိုရှန်း၊ အဘီးရှက်ဘဂျန်နှင့် မင်းသမီးချော အက်ရှ်ဝါရာရိုင်းတို့ ခေါင်းဆောင်ပါဝင်ထားသော **Dhoom-2** ဇာတ်ကား အောင်ပွဲခံလျက်ရှိသည်။

တန်းမြင့် မြို့မရုံတွင် **AK-47** ဇာတ်ကား ပြန်လည်ပြသနေပြီး ရွှေဂုန်ရုံအပေါ်ထပ်၌ **Passenger -57**နှင့် မြေညီထပ်တွင် **International Khiladi** ဇာတ်ကားပြသနေသည်။ ဆုထူးပန်ရုံတွင် **Kahin Pyaar NaHo Jaaye** ဇာတ်ကားပြသနေပြီး ဘုရင့်ရုံတွင် နာမည်ကြီးမင်းသား ရာရွတ်ခန်နှင့် မင်းသမီး အမရစ်ပူရီတို့ ခေါင်းဆောင် ပါဝင်ထားသော Koyla ဇာတ်ကား ပြန်လည်ပြသလျက်ရှိသည်။

ဗီဒီယိုဇာတ်ကားများ

မဟာမြိုင်ရုံတွင် ထွန်းထွန်း၊မင်းဦး၊ ဟန်နီထွန်း၊ ဖူးဖူးမောင်၊ ပုလဲဝင်း၊ ကောင်းစံသစ်၊ အောင်တိုး၊ အဂ္ဂချိုနှင့် မိုးဟေမာန်ခင်တို့ခေါင်းဆောင်ပါဝင်ထားသော **၇၂နာရီ**အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားပြသနေပြီး နဝဒေးရုံတွင် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ **သိကြားမင်းဒေါ့ကွန်း** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားပြသလျက်ရှိသည်။ ဒါရိုက်တာမိုက်တီးရိုက်ကူးသည့် **လန်ဒန်မြေပဲယို** ဗီဒီယိုဇာတ်ကားမှာ မြို့လယ်စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ဆက်လက် ပြသနေသည်။ လွင်မိုး၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ တင့်တင့်ထွန်းနှင့် လင်းဇာနည်ဇော်တို့ ပါဝင် သရုပ်ဆောင်ထားသည်။ ။

၇၂နာရီ ဇာတ်ကားမှ မင်းဦး၊ ဟန်နီထွန်းနှင့် ဖူးဖူးမောင်။

(မြန်မာ့အလင်း)

စိန်စည်သာသနာ့ရိပ်သာ သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၁၆

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၈)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်သြဝါဒခံစိန်စည်သာသနာ့ရိပ်သာအတွင်း၌နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒုလ္လဘ၊ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲနှင့် သင်္ကြန်အထူးတရားစခန်းပွဲတွင် မဟာသတိပဋ္ဌာန်ဝိပဿနာတရားတော်များကို စိန်စည်ဆရာတော်ကိုယ်တိုင် ဟောပြောပြသမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများအနေဖြင့် ၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက်မှ ကဆုန်လဆန်း၇ရက် (ဧပြီ၁၃ရက်မှ ၂၂ရက်)အထိ ကျင်းပမည် ဖြစ်ပါ၍ ယောဂီ သူတော်စင်တို့ အနေဖြင့် ဧပြီ ၁၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီ အရောက် တရားအားထုတ်နိုင်သည်။

ညစဉ် နိုင်ငံတော် သံဃနာယက ဆရာတော်ကြီးများ၊ မဟာစည်နာယက ဆရာတော်ကြီးများ တရားချီးမြှင့်မည်ဖြစ်သည်။

လှူဒါန်းနိုင်

အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည်၊ ရေ၊မီးလှူဒါန်းလိုပါကရိပ်သာ ဖုန်း-၅၈၁၁၆၇သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

17-3 (07) 1 3/17/07, 2:37 PM

အသိပညာ၊ အတတ်ပညာများကို မှန်ကန်သည့်စေတနာဖြင့် ပြည်သူများကိုအသိပေး ထိပါးနှောင့်ယှက်မှုမှန်သမျှ အမျိုးသားရေးသတိဖြင့် တန်ပြန်ထိုးစစ်ဆင် အခြေခံ သတင်းစာပညာသင်တန်း အမှတ်စဉ် (၈) ဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၈)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းတက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းက အမှာစကားပြောကြားရာ၌ **ယခု သတင်းစာပညာသင်တန်းသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ပြန်ကြားရေးမဏ္ဍိုင်ကို ခိုင်မာစွာထူထောင်ပြီး ပုံနှိပ်မီဒီယာလုပ်ငန်းကို အီလက်ထရွန်နစ်မီဒီယာလုပ်ငန်းနှင့်ပေါင်းစပ်ပြီး သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများ၊ ဝါဒဖြန့်ချိရေးလုပ်ငန်းများကို လက်တွေ့နယ်ပယ်အတွင်း ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်သွားနိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဤသင်တန်းတွင် အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းရေးသားခြင်း၊ လုံခြုံရေးအတွက် သတင်းစုဆောင်းခြင်း၊ နိုင်ငံတကာရေးရာ၊ အကျိုးရှိသော လုပ်ဆောင်မှုများအပေါ် ပါဝင်ဆောင်ရွက်လာစေရန် အသိပေးခြင်း၊ မမှန်သတင်းများကို အမှန်အတိုင်းသိရှိရန် ဆောင်ရွက်ခြင်းစသည့် ဘာသာရပ်များအပြင် လက်ရှိပေါ်ပေါက်နေသော ပြဿနာများအပေါ် ရှင်းလင်းအဖြေရှာရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပို့ချခဲ့ပြီးဖြစ်သည့်အတွက် လက်တွေ့နယ်ပယ်၌ ဆက်စပ်အသုံးပြုနိုင်မည်ဟု ယုံကြည်ကြောင်း၊ ရရှိလာသည့် အသိပညာ၊ အတတ်ပညာများကို မှန်ကန်သည့် စေတနာဖြင့် ပြည်သူများ၏ ပကတိအခြေအနေနှင့် လိုအပ်ချက်များကို သိရှိနိုင်ရန် ကူညီအလေးထားဆောင်ရွက်သွားကြရန်** ပြောကြားလိုကြောင်း။

အကောင်အထည်ဖော်နေ

နိုင်ငံတော်သစ် ထူထောင်ရာ၌ အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည် မြင့်မားရေးအတွက် စီမံအကောင်အထည်ဖော်နေကြောင်း၊ အသင်းကြီးကလည်း ထိရောက်အောင်မြင်စွာ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိနေကြောင်း။

ရှေးရှုဆောင်ရွက်

အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များသည် နိုင်ငံတော်အကျိုး၊ ပြည်သူများ၏အကျိုးအတွက် ရှေးရှုဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အသင်းအဆင့်ဆင့် အနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၏ အကျိုးဖြစ်ထွန်းမှုကို လက်တွေ့အကျိုးပြုလုပ်ငန်းတိုင်းကိုလည်း ရှေ့လုပ်ငန်းစဉ်နှင့်အညီ ဆက်စပ်ရှင်းလင်း ပြသရမည်ဖြစ်ကြောင်း၊ သို့မှသာ နယ်မြေလူထုအနေဖြင့် အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအပေါ် လက်တွေ့အကျိုးပြုလုပ်ငန်းများနှင့် ဆက်စပ်နားလည်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

> ### အမှာစကားပြောကြား
>
> **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အရှိန်မြှင့်ဆောင်ရွက်

လက်ရှိနိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ပြည်သူများ လိုလားတောင့်တသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တန်ပြန်တိုက်ဖျက်

လက်ရှိကာလတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ် ရောက်နေပြီဖြစ်ကြောင်း၊ သို့ရာတွင် ပြည်တွင်းပြည်ပအဖျက်သမားများနှင့် မီဒီယာအချို့က တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ကွယ်ပြုကာ လူမှုရေး၊ စီးပွားရေး၊ လူ့အခွင့်အရေးကဏ္ဍများနှင့် မူးယစ်ဆေးဝါးလုပ်ငန်းများကို အကြောင်းပြုပြီး သတင်းနှင့်ပြန်ကြားရေးမီဒီယာများမှတစ်ဆင့် ပြည်တွင်းရေးကို စိမ့်ဝင်ထိုးဖောက် လွှမ်းမိုးခြယ်လှယ် လုပ်ဆောင်လာသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ဤကဲ့သို့ အင်အားကြီးနိုင်ငံတချို့နှင့် အမျိုးသားသစ္စာဖောက်များ၏ မူမမှန်သည့် မီဒီယာထိုးစစ်များအပေါ် အသင်းကြီးအနေဖြင့် အဖြစ်မှန်ကို ရှင်းပြရမည့်အပြင် ထိပါးနှောင့်ယှက်မှု မှန်သမျှကိုလည်း အမျိုးသားရေးသတိနှင့်ယှဉ်ပြီး ဘက်ပေါင်းစုံက တန်ပြန်ထိုးစစ်ဆင်တိုက်ဖျက်သွားကြရမည်ဖြစ်ကြောင်း။

မပြတ်သောသတိ

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- ဒို့တာဝန် အရေးသုံးပါးကို ခံယူ၊ ဦးတည်ချက် (၁၂)ရပ်အတိုင်း၊နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်အောင်မြင်ရေးကို ပြည်သူတို့နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ။
- အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နယ်မြေအသီးသီး၌ လက်တွေ့ကျသည့် အကျိုးပြုလုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်ဆောင်ရင်း ရှေ့လုပ်ငန်းစဉ်များနှင့် လက်တွေ့ဆက်စပ် အကောင်အထည် ဖော်ဆောင်ရွက်ကြပါ။
- အသင်းဝင်များ အနေဖြင့် အမှန်ကိုအမှန်အတိုင်း ပြည်သူများသိရှိအောင် ပြန်ကြားရေးမှူးကောင်းများ၊ သတင်းဆက်သွယ်ရေးမှူးကောင်းများအဖြစ် အသိမှန်၊ ခံယူချက်မှန်ဖြင့် ဆောင်ရွက်ကြပါ။
- အဖျက်အမှောင့် အန္တရာယ်များကို မပြတ်သောသတိနှင့် တွန်းလှန် ကာကွယ်ကြပါ

ဟု ပြောကြားသွားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဗဟိုအတွင်းရေးမှူး ဦးသောင်းက အခြေခံသတင်းစာ ပညာသင်တန်းတွင် ပထမဆုရ ရန်ကုန်တိုင်းမှ ဦးသန်းစိုး၊ ဒုတိယဆုရ ပဲခူးတိုင်း (အနောက်ပိုင်း)မှ ဦးသန်းမြတ်စိုးနှင့် တတိယဆုရ ဧရာဝတီတိုင်းမှ ဦးသိန်းဇော်တို့အား ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

လက်ခံယူ

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးသောင်းက သင်တန်းဆင်း လက်မှတ်များကိုပေးအပ်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားကိုယ်စားလှယ်တစ်ဦးက လက်ခံယူသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဦးသောင်းက သင်တန်းနည်းပြ ဆရာ ဆရာမများအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုလက်ဆောင်များကို ချီးမြှင့်ရာ သင်တန်းနည်းပြ ဆရာ ဆရာမများကိုယ်စား ဦးလှထွန်း (လှထွန်း-တွံတေး) က လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းနှင့် ဗဟိုအလုပ်အမှုဆောင်များသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၄ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တကိုးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တစတိလ ဆရာတော်၏ ဝိဇာတမင်္ဂလာနှင့် အဂ္ဂမဟာပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်းရာတွင် **အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ရန်ကုန်မြို့ အင်းစိန်မြို့နယ် ၁၀ မိုင် စော်ဘွားကြီးကုန်းရပ်ကွက် အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်ဘဒ္ဒန္တစတိလ ဆရာတော်၏ အဂ္ဂမဟာ ပူဇာသဘင်နှင့် သက်တော် (၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ ပြည့်မြောက် ပုနောပသမ္ပဒ အဘိဝိဇာတမင်္ဂလာပူဇော်ပွဲကို မတ် ၁၈ ရက်တွင် အဆိုပါ အောင်စေတီ သာသနာ့ဗိမာန်ကျောင်း၌ နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ ယင်းနေ့ နံနက် ၈ နာရီတွင် သိက္ခာထပ်၊ သိမ်ဆင်းမည်ဖြစ်ရာ ကြွရောက်ကြည်ညိုလှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အပူချိန်

၁၆-၃-၂၀၀၇

နေပြည်တော်	၃၈ ဒီဂရီစင်တီဂရိတ်
မင်းတပ်	၃၀ ဒီဂရီစင်တီဂရိတ်
သီပေါ	၃၄ ဒီဂရီစင်တီဂရိတ်
ဗန်းမော်	၃၅ ဒီဂရီစင်တီဂရိတ်
ကသာ၊ ထားဝယ်	၃၆ ဒီဂရီစင်တီဂရိတ်
မန္တလေး၊ ကျောက်တော်	၃၇ ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	၃၉ ဒီဂရီစင်တီဂရိတ်
မင်းဘူး၊ အောင်လံ	၄၁ ဒီဂရီစင်တီဂရိတ်

မြန်မာ့ရုပ်မြင်သံကြား

၁၇-၃-၂၀၀၇ ရက်
(စနေနေ့)
၁၃၆၈ ခုနှစ် တပေါင်းလကွယ်နေ့
(ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ တေးဂီတအစီအစဉ်
၈း၁၀ ၇။ ပိုင်ကျုံရေထိန်းတံခါး
၈း၂၀ ၈။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Grammar made Easy

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၂း၁၅ ၆။ **“အမြင်”** မင်းသူ၊ ခိုင်နှင်းဝေ [ဒါရိုက်တာ-သက်တင်]
၁၃း၀၀ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက် ထုတ်ကုန်များ (ဝါဂွမ်းမှသည် ချည်ထည်ထုတ်ရာ မင်းရွာစံပြကျေးရွာ)
၁၃း၁၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၃း၂၅ ၉။ အဆိုပြိုင်ပွဲ
၁၃း၃၅ ၁၀။ စလင်းချောင်းရေလှောင်တမံ
၁၃း၅၀ ၁၁။ တေးဂီတအစီအစဉ်
၁၄း၀၀ ၁၂။ “ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါတိုက်ဖျက်စို့”
၁၄း၁၀ ၁၃။ **“ပေါင်ပေါ်ကျတဲ့မီး”** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျှံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ- မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
၁၄း၂၅ ၁၄။ အတီးပြိုင်ပွဲ
၁၄း၃၅ ၁၅။ ကပ်တဲလ်ကြိုးတံတား
၁၄း၄၅ ၁၆။ International News

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၆း၄၅ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၁၆း၅၅ ၅။ တေးဂီတအစီအစဉ်
၁၇း၀၅ ၆။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲဆုရတေးများ(၂၀၀၅ခုနှစ်)
၁၇း၁၅ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၇း၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၇း၅၅ ၉။ မဒေးရေလှောင်တမံ
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ အလုရှာမယ်လှကမ္ဘာဝယ်
၁၉း၀၀ ၁၃။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“သမားတော်”** (အပိုင်း-၁၀)
၁၉း၅၀ ၁၅။ တိပိဋကသာသနာ့အာဇာနည် ပေါ်ထွန်းစေဖို့ရည်
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ပန်းနှင်းဆီ”** (အပိုင်း-၃)
၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

နိုင်ငံတော်က ပညာရည်ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်နေ အသိဉာဏ်ဗဟုသုတပြည့်စုံသောလူငယ်များဖြစ်ပေါ်လာရန် ပြုစုပျိုးထောင်

ရန်ကုန် မတ် ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၁၁ ရက် နံနက်ပိုင်းက မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ဂန့်ဂေါခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ ထီးလင်း မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးခင်မောင်ဌေးနှင့် အလုပ်အမှုဆောင်များ၊ အသင်းသားအသင်းသူများ၊ ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူ၊ ထီးလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းနှင့်အဖွဲ့ဝင်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူလူထုနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးနှင့် အတူ ပူးပေါင်းဆောင်ရွက်ရေး တို့ကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံနှုတ်ဆက်

ထိုမှတစ်ဆင့်ဗဟိုအတွင်းရေးမှူးဝန်ကြီးသည် ထီးလင်းမြို့နယ် အကြည်ဘန်းကျေးရွာအုပ်စု၊ ဥယျာဉ်မှူးကျေးရွာသို့ ရောက်ရှိပြီးကျေးရွာပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ထီးလင်းမြို့နယ် ကျင်းကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ကျင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ခန်းမဆောင်၌ ကျင်းကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာရှစ်ရွာတို့မှ ကျေးလက် ပြည်သူလူထု ၁၀၀၀ကျော်နှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စများ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ပေးအပ်

ညှိနှိုင်းဆွေးနွေးပွဲတွင်ဗဟိုအတွင်းရေးမှူးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျင်းကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အသင်းဝင် အဆိုပြုလွှာ အစောင် ၆၅၀ကို ကျင်းကျေးရွာစည်းရုံးရေးမှူးက ပေးအပ်သည်။

ပညာခေတ်

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည်ပညာခေတ်ဖြစ်သည်နှင့်အညီနည်းပညာများဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ထိုနည်းပညာများဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလျက်ရှိကြောင်း၊

တကယ်တတ်အောင်သင်ယူ

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အစိုးရက ပညာရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးစားပေး ဆောင်ရွက်နေကြောင်း၊ ကျေးရွာများတွင်လည်း ကျောင်းမထားသည့်ကလေး ကျောင်းမနေနိုင်သည့်ကလေး မရှိစေချင်ကြောင်း၊ မိဘများက သားသမီးများကို သေစာရှင်စာတတ်ရုံ သင်ကြားခွင့်ပေးခြင်းသည် မှားသော အယူအဆဖြစ်ကြောင်း၊ မိမိတို့ သားသမီးများကို ပညာရေး ဆုံးခန်းတိုင် သင်ယူခွင့်ပြုစေလိုကြောင်း၊ ဘွဲ့ရရုံဖြင့် မပြီးသေးဘဲ တကယ်တတ်အောင် သင်ယူနိုင်မှ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်း။

ယနေ့ လူငယ်များကို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးသော၊ အသိဉာဏ်ဗဟုသုတနှင့် ပြည့်စုံသော လူငယ်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးသင့်ကြောင်း၊ ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ရွာသူ ရွာသားများ ညီညီညွတ်ညွတ်၊ စည်းစည်းရုံးရုံးဖြင့် ဝိုင်းဝန်းဆောင်ရွက် ကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများ အနေဖြင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေး ဖွံ့ဖြိုးတောင့်တင်းအောင် ကြိုးပမ်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သမားရိုးကျ စိုက်ပျိုးနေသော သီးနှံများအပြင် နှစ်ရှည်သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးစေလိုကြောင်း၊ ယင်းသို့ စိုက်ပျိုးရာတွင် ခေတ်မီစိုက်ပျိုးရေး နည်းပညာကို အသုံးပြုစေလိုကြောင်း။

ထို့အပြင် ဤဒေသတွင် ဖြစ်ထွန်းအောင်မြင်နိုင်သည့် ဆီးရိုင်းပင်နှင့် ဆိတ်တို့တွဲဖက်စိုက်ပျိုး မွေးမြူခြင်းကို စီးပွားဖြစ်လုပ်ကိုင်ကြစေလိုကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စများတွင်သာမက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ အမျိုးသားညီလာခံ အောင်မြင်ရေးတို့တွင်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

ထို့အပြင် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဟန့်တားနှောင့်ယှက်နေသည့် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကိုလည်း ဝိုင်းဝန်း ကာကွယ်တိုက်ဖျက်သွားကြရန် လိုအပ်ကြောင်း ဖြင့် ပြောကြားသွားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ကျောင်းသုံးဖတ်စာအုပ် အစုံ ၁၂၅ စုံကိုလည်းကောင်း၊ ကျောင်းသုံး ဗလာစာအုပ်ဒါဇင် ၅၀ ကိုလည်းကောင်း၊ ဆပ်ပြာများကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်များကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ကြပ်မတ်ဆောင်ရွက်

ကျောင်းသုံး ဖတ်စာအုပ်များကို လာမည့် ၂၀၀၇–၂၀၀၈ ခု ပညာသင်နှစ်မှစတင်၍ ကျောင်းအလိုက် ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအတွက် တစ်နှစ်ပြီးတစ်နှစ် လက်ဆင့်ကမ်း သုံးစွဲသွားရန်ဖြစ်ကြောင်းနှင့် ယင်းလက်ဆင့်ကမ်းစနစ်ကို ကျောင်းအလိုက်ကော်မတီဖြင့် ကြပ်မတ် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျင်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက အသင်းဝင် အဆိုပြုလွှာများ ပေးအပ်စဉ်။

(သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ် ကျင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲခန်းမဆောင်၌ ကျေးရွာရှစ်ရွာတို့မှ ကျေးလက်ပြည်သူများအား ဒေသဖွံ့ဖြိုးရေးကိစ္စများ ညှိနှိုင်းဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာလူငယ်ဘောလုံးအသင်းများ၏ နိုင်ငံတကာဘောလုံးပြိုင်ပွဲများ

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသော မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း၊ မြန်မာဖူဆယ် လက်ရွေးစင်ဘောလုံး အသင်းနှင့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းတို့၏ ၂၀၀၇ခုနှစ်အတွင်း ယှဉ်ပြိုင်ကစားရမည့် နိုင်ငံတကာဘောလုံးပြိုင်ပွဲ ပွဲစဉ်များပေါ်ထွက်လာပြီဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(Sea Games)အကြို အသက်(၂၃)နှစ်အောက် လူငယ် ဘောလုံးပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၁၂ရက်မှ စတင်၍ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

ဒုတိယအကြိမ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ဘောလုံးပြိုင်ပွဲအတွက် အုပ်စုပွဲစဉ်များရေးဆွဲထားရာ အုပ်စု(က)၌ လက်ရှိချန်ပီယံ ထိုင်း၊ မလေးရှား၊ မြန်မာ၊ ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့်လာအို၊ အုပ်စု(ခ)၌ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယားနှင့် အရှေ့တီမောတို့ ပါဝင်ကြသည်။

ပထမအကြိမ်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို အသက်(၂၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၀၅ခုနှစ် ဩဂုတ်လအတွင်းက ကျင်းပခဲ့ရာ မြန်မာ(ယူ–၂၃)အသင်း တတိယရရှိခဲ့သည်။ မြန်မာ(ယူ–၂၃) အသင်းသည် အကြိုဗိုလ်လုပွဲတွင် စင်ကာပူအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး တတိယ နေရာလုပွဲတွင် မလေးရှားအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်၌ လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာ(ယူ –၂၃)အသင်းကို အိုလံပစ်ခြေစစ်ပွဲစဉ်များ အပြီးတွင် စခန်းသွင်းလေ့ကျင့်မှု ရပ်နားထားခဲ့ရာမှ မကြာမီ ပြန်လည် ဖွဲ့စည်းလေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

(ယူ–၂၀)ပြိုင်ပွဲ

၂၀၀၇ခုနှစ် အသက်၂၀အောက် အာဆီယံချန်ပီယံရှစ် လူငယ်ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ လာမည့်ဩဂုတ် ၁ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အသက် ၂၀ အောက် အာဆီယံချန်ပီယံရှစ် လူငယ်ဘောလုံးပြိုင်ပွဲအတွက် အုပ်စုများရေးဆွဲထားရာ အုပ်စု(က)၌ မြန်မာ၊ ဩစတြေးလျ၊ မလေးရှား၊ လာအို၊ စင်ကာပူနှင့် ဘရူနိုင်း၊ အုပ်စု(ခ) တွင် ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ မော်လဒိုက်နှင့် အရှေ့တီမောတို့ပါဝင်ကြသည်။

၂၀၀၅ခုနှစ် အသက် ၂၀ အောက် အာဆီယံချန်ပီယံရှစ်လူငယ် ဘောလုံးပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ၌ ဒီဇင်ဘာအတွင်းက ကျင်းပခဲ့ရာ မြန်မာလူငယ်အသင်းက မလေးရှားလူငယ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။

(ယူ–၁၇)ပြိုင်ပွဲ

၂၀၀၇ ခုနှစ် အသက် ၁၇နှစ်အောက် အာဆီယံ ချန်ပီယံရှစ် လူငယ်ဘောလုံးပြိုင်ပွဲကို လာမည့်ဩဂုတ် ၁၉ရက်မှ ၂၆ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ အုပ်စု ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာလူငယ်အသင်းသည် လာအို၊ ဩစတြေးလျ၊ စင်ကာပူ၊ အရှေ့တီမောတို့နှင့်အတူ တစ်အုပ်စုတည်း ပါဝင်လျက်ရှိသည်။

၂၀၀၅ခုနှစ် အာဆီယံ(ယူ–၁၇) ဘောလုံးပြိုင်ပွဲကို ထိုင်းနိုင်ငံ၌ ဩဂုတ် လအတွင်းက ကျင်းပခဲ့ရာ မြန်မာလူငယ်အသင်းက အိမ်ရှင် ထိုင်းလူငယ်အသင်းကို ပယ်နယ်တီ အဆုံးအဖြတ်၌ လေးဂိုး–သုံးဂိုးဖြင့်အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။

၂၀၀၆ခုနှစ် အာဆီယံ(ယူ–၁၇) ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့ရာ မြန်မာလူငယ်အသင်းက ဗီယက်နမ်လူငယ်အသင်းကို လေးဂိုး–ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ပြီး ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဖူဆယ်ပြိုင်ပွဲ

၂၀၀၇ခုနှစ် အာဆီယံချန်ပီယံရှစ် ဖူဆယ်ဘောလုံးပြိုင်ပွဲကို မတ်၂၆ မှ ၃၁ ရက် အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲစဉ်ရေးဆွဲရာ အုပ်စု(က)၌ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ မလေးရှားနှင့်ဖိလစ်ပိုင်၊ အုပ်စု(ခ)၌ မြန်မာ၊ လက်ရှိချန်ပီယံ ထိုင်း၊ ဗီယက်နမ်နှင့် ဘရူနိုင်းတို့ ပါဝင်ကြသည်။

အာဆီယံချန်ပီယံရှစ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားရုံ၌ လေ့ကျင့်လျက်ရှိသည်။ ပဏာမမြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းကို ဂျပန်လူမျိုးနည်းပြ မစ္စတာတာယာကာ ဆိုဆာကဲက တာဝန်ယူကိုင်တွယ်လျက်ရှိသည်။ ၂၀၀၆ ခုနှစ် အာဆီယံ ချန်ပီယံရှစ် ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာဖူဆယ်ဘောလုံးအသင်း တတိယရရှိခဲ့သည်။

၂၀၀၇ ခုနှစ် အာဆီယံအမျိုးသမီး ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံ၌ လာမည့်စက်တင်ဘာလတွင်း ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ အုပ်စုပွဲစဉ်များရေးဆွဲထားရာ အုပ်စု(က)၌ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်၊ အုပ်စု(ခ)၌ မြန်မာ၊ ထိုင်းနှင့် စင်ကာပူတို့ ပါဝင်ကြသည်။

(ယူ–၁၉)အမျိုးသမီးပြိုင်ပွဲ

အာရှ အသက်(၁၉)နှစ်အောက် အမျိုးသမီး ချန်ပီယံရှစ် ဘောလုံး ပြိုင်ပွဲကို လာမည့်အောက်တိုဘာ ၅ရက် မှစတင်၍ တရုတ်နိုင်ငံ၌ ကျင်းပမည် ဖြစ်သည်။ အုပ်စုပွဲစဉ်များ ဆွဲထားရာ အုပ်စု(က)၌ ဩစတြေးလျ၊ ဂျပန်၊ မြောက်ကိုရီးယားနှင့်မြန်မာ၊ အုပ်စု(ခ)၌ တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ)နှင့် ထိုင်းတို့ပါဝင်ကြသည်။

အာရှအသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲစဉ်ကို ၂၀၀၆ခုနှစ် နိုဝင်ဘာလအတွင်းက မလေးရှားနိုင်ငံ၌ကျင်းပသည်။ မြန်မာနှင့် ထိုင်းအသင်းတို့ ၁၀မှတ်စီတူညီသော်လည်း ဂိုးကွာခြား ချက်အရ မြန်မာ(ယူ–၁၉)အမျိုးသမီး အုပ်စုဒုတိယဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

၂၀၀၇ခုနှစ်အတွင်း၌ မြန်မာလူငယ်ဘောလုံးအသင်းများက ပြိုင်ပွဲသုံးပွဲ၊ မြန်မာအမျိုးသမီးဘောလုံးအသင်းများက ပြိုင်ပွဲ နှစ်ပွဲ၊မြန်မာဖူဆယ်အသင်းက ပြိုင်ပွဲတစ်ပွဲ စုစုပေါင်း နိုင်ငံတကာပြိုင်ပွဲ ခြောက်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ရာ အောင်မြင်မှု မည်မျှရရှိမည်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သတင်းဆောင်းပါး - ကိုထွေး

မြန်မာဂေါက်သီးရိုက်အသင်းနှစ်(၆၀)ပြည့် အထိမ်းအမှတ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၁၆

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် Club at Home ကို မတ် ၉ ရက် ၊ ၁၀ ရက်နှင့် ၁၁ ရက်များတွင် ရန်ကုန်မြို့ မြန်မာ ဂေါက်သီးရိုက်အသင်း ဇမိုင်တွင် ကျင်းပသည်။

ဝင်ရောက်ယှဉ်ပြိုင်

မတ် ၉ရက်တွင် ကျင်းပသော အသက် ၆၀အထက် သက်ကြီးတန်းတွင် မြန်မာဂေါက်သီးရိုက်အသင်း၏ သမိုင်းတစ်လျှောက် စံချိန်တင်အသင်းသား ၁၅၁ဦး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အသက် ၆၀ နှင့် ၇၀ ကြား ပြိုင်ပွဲတွင် ဦးငြိမ်းကျော်က ပထမ၊ ဦးမျိုးသိန်းက ဒုတိယရရှိပြီး အသက် ၇၀ အထက် ပြိုင်ပွဲ၌ ဦးသန်းလွင်က ပထမ၊ ဦးဆန်နီတင်ထွန်းက ဒုတိယရရှိခဲ့သည်။

မတ် ၁၀ရက်တွင် ရွှေ၊ ငွေ၊ ကြေးအဆင့် အကျော့ပေးပြိုင်ပွဲများ ကျင်းပခဲ့ပြီး ကြေးအဆင့်၌ ဦးခင်မောင်လတ်က ပထမ၊ မမေလီက ဒုတိယ၊ ငွေအဆင့်ပြိုင်ပွဲ၌ ဦးဇော်ဝင်းလေးက ပထမ၊ ဦးတင်အေးက ဒုတိယရရှိပြီး ရွှေအဆင့်ပြိုင်ပွဲတွင် ဦးကျော်မြတ်မိုး(မိုက်ကယ်)က ပထမ၊ ဦးရန်နိုင်က ဒုတိယရရှိခဲ့ကြသည်။

Club at Home ပြိုင်ပွဲများကို မတ် ၁၁ရက်တွင် ကျင်းပပြီး ညနေပိုင်းတွင် ဆုပေးပွဲနှင့်အတူ အသင်းသားများနှင့် မိသားစုဝင်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဂုဏ်ပြုစကား

ဆုပေးပွဲ အခမ်းအနားတွင် မြန်မာဂေါက်သီးရိုက်အသင်း၏ ဥက္ကဋ္ဌ ဦးသိန်းဝင်းက အသင်းနှစ်(၆၀)ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီပေးကြသော အသင်းနှင့်ဆက်နွှယ်သည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အသင်းသားများသို့ များစွာကျေးဇူးတင်ရှိကြောင်း ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်းပမာထုတ်လွှင့်မည်

ရန်ကုန် မတ် ၁၆

(၆၂)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် (၅၇)နှစ်မြောက် တပ်မတော်နေ့ စာပေနှင့် ဇာတ်ပုံပြိုင်ပွဲ ဝတ္ထုတိုပြိုင်ပွဲဒုတိယဆုရ တက္ကသိုလ်နန်းဖြူဖြူထွန်း၏ ဝတ္ထုကို မြန်မာ့အသံက ဇာတ်ညွှန်းရေးသား စီစဉ်ထုတ်လွှင့်လိုက်သည့် **“ဆူးခတ်နှင့်ရွှေပင်”** ဇာတ်လမ်းကို မတ်၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂နာရီခွဲနှင့် မတ် ၂၀ ရက် (အင်္ဂါနေ့)မွန်းလွဲ ၁၂ နာရီမိနစ် ၂၀ တို့တွင် မြန်မာ့အသံ ရေဒီယိုမြန်မာပိုင်းအစီအစဉ်က ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွင် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဖိုးသောကြာနှင့် မြန်မာ့အသံဝန်ထမ်းများ**(အောက်ပုံ)** ပါဝင် သရုပ်ဆောင်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ကြရမည့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေး

ဦးငွေသိန်း
(ကုမ္ပဏီလမ်းညွှန်)

၂၈-၁-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ ဆောင်းပါးရှင် သိန်းထွဋ်ရဲ့ **"ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များမှသည် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးသို့"** ဆောင်းပါးကို ဖတ်လိုက်ရပါတယ်။ စာရေးသူရဲ့ မိတ်ဆွေတစ်ဦးက အသိပေးလို့ ဒီဆောင်းပါးကို ထဲထဲဝင်ဝင်အလေးအနက် ဖတ်ရှုကြည့်မိပါတယ်။ စာရေးသူတို့ နိုင်ငံတိုးတက်ရေးအတွက် အရေးပါတဲ့လုပ်ငန်းစဉ် တစ်ခုဖြစ်တာမို့ OVOP လို့ အတိုကောက်ခေါ်တဲ့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်မှုကို ကျယ်ကျယ်ပြန့်ပြန့် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်နိုင်ကြစေဖို့ အခုဆောင်းပါးကို ထပ်ဆင့် ရေးသားလိုက်ရတာ ဖြစ်ပါတယ်။

OVOP အစ မြန်မာက

OVOP လုပ်ငန်းကို ဂျပန်နိုင်ငံမှာ ၁၉၇၉ ခုနှစ်က Dr.Morihiko Hiramatsu စတင်အကောင်အထည်ဖော် လုပ်ဆောင်ခဲ့တယ်လို့ ဆိုပေမယ့် ဒီလုပ်ငန်းကို အမှန်တကယ် စတင်လုပ်ဆောင် အကောင်အထည်ဖော်ခဲ့တဲ့နိုင်ငံက စာရေးသူတို့ မြန်မာနိုင်ငံဖြစ်ပါတယ်။ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ကျေးရွာတစ်ရွာချင်းအလိုက် ထုတ်ကုန်တစ်မျိုးစီ ထုတ်လုပ်ခဲ့တဲ့ရွာတွေကို ထုတ်လုပ်တဲ့ ကုန်ပစ္စည်းအမျိုးအမည်ကိုလိုက်ပြီး ပန်းပဲရွာ၊ အိုးရွာစသည်ဖြင့် အမည်နာမတွေပေးခဲ့တဲ့ အထောက်အထားတွေရှိပါတယ်။ စတင်လုပ်ဆောင်ခဲ့မှုအရ တွက်ကြည့်ရင် OVOP အစ မြန်မာကလို့သော်မှ ဆိုနိုင်ကောင်းပါတယ်။

သို့ပေမယ့် တစ်ကျောင်းတစ်ဂါထာတစ်ရွာတစ်ပုဒ်ဆန်းဆိုတာလို မိမိတို့ ကိုယ်ပိုင်ပုံစံနဲ့ တစ်ပိုင်တစ်နိုင်သာ လုပ်ဆောင်ခဲ့ကြပြီး စနစ်တကျ ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းတည်ထောင် လုပ်ကိုင်အကောင်အထည်ဖော်ခဲ့ခြင်းမရှိခဲ့ကြတာရယ်၊ ထုတ်ကုန်ပစ္စည်းရဲ့ အရည်အသွေးထိန်းသိမ်းမှု သဘောတရားတွေမှာ အားနည်းတာတွေရယ်၊ ဈေးကွက် သဘောတရားတွေကို နားလည်သဘောပေါက်မှု မရှိတာတွေရယ်ကြောင့် လုပ်ငန်းတစ်ခု အနေနဲ့ အစပြုခဲ့ကြပေမယ့် လူသိများအောင် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရောင်းချနိုင်မှုမရှိခဲ့တာ ဖြစ်တယ်လို့ သုံးသပ်နိုင်ပါတယ်။

ကမ္ဘာ့ဈေးကွက်မှာ နေရာယူခဲ့ဖူးတဲ့ ရွာလွတ်ကဆေးတံ

ဒီနေရာမှာ အလျဉ်းသင့်လို့ ကမ္ဘာ့ဈေးကွက်မှာတစ်ချိန်က နေရာယူခဲ့ဖူးတဲ့ မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းတစ်မျိုးကို အသိပေးလိုပါတယ်။ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာက ထုတ်တဲ့ဆေးတံဟာ ကမ္ဘာမှာ နာမည်ရပါတယ်။ မြန်မာနိုင်ငံကနေ နိုင်ငံခြားတိုင်းပြည်တစ်ခုကို ပညာတော်သင်သွားခဲ့သူတစ်ဦးက ဆိုင်တစ်ဆိုင်ကိုသွားပြီး ဆေးတံဝယ်ယူရာမှာ ကိုယ့်နိုင်ငံက ထုတ်လုပ်တဲ့ ဆေးတံမှန်းမသိဘဲ ရွာလွတ်က ဆေးတံကို ဒေါ်လာငွေနဲ့ပေးပြီး ဝယ်ယူခဲ့ရဖူးတယ်၊ နောက်မှ မြန်မာနိုင်ငံက ထုတ်တဲ့ဆေးတံဆိုတာ သိခဲ့ရတယ်လို့ဆိုတယ်။

OVOP ကို ဘယ်လိုအကောင်အထည် ဖော်ကြမလဲ

OVOP ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ပြီး ရေရှည် အောင်မြင်မှုရရှိနိုင်စေဖို့ Stakeholder လို့ခေါ်တဲ့ ငွေကြေးထည့်ဝင်ကြတဲ့ အစုရှယ်ယာရှင်တွေ၊ လုပ်ငန်းမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်သူတွေ၊ ကုန်ကြမ်းပစ္စည်း ဖြည့်ဆည်းပေးသူတွေ၊ ဝယ်ယူအသုံးပြုကြမယ့် ဖောက်သည်တွေ၊ လုပ်ငန်းပြိုင်ဆိုင်သူတွေအားလုံး ကျရာအခန်းတွေကနေ တက်ညီလက်ညီ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

OVOP လုပ်ငန်းက နိုင်ငံတစ်နိုင်ငံလုံး တိုးတက်ဖွံ့ဖြိုးစေရေးကို ဦးတည်တာဖြစ်တဲ့အတွက် တစ်ဦးကောင်း တစ်ယောက်ကောင်းပုံစံနဲ့ လုပ်ဆောင်လို့မရဘဲ အားလုံး တစ်ဦးချင်းစီ တက်ညီလက်ညီပါဝင်ပူးပေါင်း အကောင်အထည်ဖော်ပြီး ရလာတဲ့အကျိုးအမြတ်တွေကို မျှဝေခံစားကြရမှာ ဖြစ်ပါတယ်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေး အစီအစဉ်တွေနဲ့ နိုင်ငံရဲ့ကုန်ထုတ်လုပ်မှုနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေ ပိုမိုအားပြည့် ဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်ကြတာနဲ့အမျှ ကျေးလက်ဒေသတွေမှာ ပြည်သူတွေရဲ့ တစ်ဦးချင်းဝင်ငွေ တိုးတက်စေရေး၊ နိုင်ငံ့စီးပွား တိုးတက်စေရေးတို့အတွက် များစွာအကျိုးသက်ရောက် အထောက်အကူပြုနိုင်မှာ ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

OVOP လုပ်ငန်းတွေ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့ Business Plan လို့ခေါ်တဲ့ လုပ်ငန်းစီမံချက်ရေးဆွဲဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါမှ လူ၊ ငွေကြေးနဲ့ ကုန်ကြမ်းပစ္စည်း ရင်းမြစ်တွေကို စနစ်တကျ အသုံးပြုပြီး ရေရှည်အောင်မြင်မှုရရှိအောင် ရပ်လုံးဖော်နိုင်ကြမှာဖြစ်ပါတယ်။ စာရေးသူတို့ မြန်မာနိုင်ငံမှာ သဘာဝက ပေးအပ်ထားတဲ့ မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေ အလျှံပယ် ပေါကြွယ်ဝတယ်ဆိုတာ လူတိုင်းအသိဖြစ်ပါတယ်။ ဒီလိုပေါကြွယ်ဝတဲ့ သယံဇာတပစ္စည်းတွေကို စည်းကမ်းရှိရှိ စနစ်တကျအသုံးပြုခြင်းအားဖြင့် နိုင်ငံနှင့် လူမျိုးအတွက် ရေရှည်အကျိုးရှိအောင် လုပ်ဆောင်နိုင်ကြမှာ ဖြစ်ပါတယ်။

ယခုအခါ နိုင်ငံတော်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်ကို လက်တွေ့ကျကျ အကောင်အထည်ဖော်နေပါတယ်။ ဒါကလည်း နိုင်ငံတော်အကြီးအကဲရဲ့ အမြော်အမြင်နဲ့ ရေရှည်အကျိုးရှိအောင် လုပ်ဆောင်နေကြတာပဲ ဖြစ်ပါတယ်။ အဲဒီ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်ထဲမှာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သန့်ရှင်းတဲ့ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားတိုးတက် ဖွံ့ဖြိုးတိုးတက်ရေးတွေနဲ့တကွ ကျေးလက်ဒေသ မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက် ထူထောင်ရေး စတာတွေ ပါဝင်တာကို တွေ့ရပါတယ်။

လုပ်ငန်းစဉ်ကြီးငါးရပ်ထဲမှာ အဓိကကျတဲ့အချက်က စီးပွားရေး တိုးတက်ခိုင်မာမှု ရရှိနိုင်ရေး ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံလုံး စီးပွားရေး တိုးတက်ခိုင်မာရင် ကျန်လုပ်ငန်းတွေကို ဟန်ချက်ညီညီ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ကြမှာ ဖြစ်ပါတယ်။ OVOP လုပ်ငန်းစဉ်တွေကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြမယ်ဆိုရင် နိုင်ငံတော် အနေနဲ့ အချိန်တိုအတွင်းမှာ ဘက်ပေါင်းစုံ တိုးတက်လာမှာ ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

OVOP ကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့ တိုင်းနှင့်ပြည်နယ်တွေအလိုက် OVOP ကို အကောင်အထည်ဖော်ပေးနိုင်မယ့် အဖွဲ့တွေ ဖွဲ့စည်းကြရမယ်။ တိုင်းနဲ့ ပြည်နယ်တွေအလိုက် ကျေးရွာတွေအချင်းချင်း ထုတ်ကုန်အရည်အသွေးကောင်းမွန်လာစေမယ့် ပြိုင်ဆိုင်မှုတွေ လုပ်ပေးရမယ်။ အဲဒီကနေ နောက်တစ်ဆင့် တိုင်းနဲ့ပြည်နယ်အလိုက် ပြိုင်ပွဲတွေ လုပ်ပေးရမယ်။ တစ်ဆင့်ပြီးတစ်ဆင့် ထုတ်ကုန်အရည်အသွေး တိုးတက် ကောင်းမွန်အောင် လုပ်ဆောင်ပေးနိုင်တာနဲ့အမျှ နိုင်ငံတကာ ဈေးကွက်မှာ မျက်နှာပန်းလှတဲ့ ထုတ်ကုန်တွေ ဖြစ်လာစေမယ်။ နိုင်ငံတကာ ဈေးကွက် ရှာဖွေရမှု လွယ်ကူပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိနိုင်စေမှာ ဖြစ်ပါတယ်။

ဒီလို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်စေဖို့ အဓိကကျတဲ့ အောင်မြင်မှု ရရှိနိုင်စေမယ့်အချက် (Critical Success Factors) တွေ ရှာဖွေစဉ်းစားကြရမယ်။ အထူးသဖြင့် အသိဉာဏ်တိုးတက်ဖွံ့ဖြိုးရေးကို မျက်ခြည်ပြတ်မခံဘဲ လုပ်ဆောင်နေကြရမယ်။ စီးပွားရေးအမြင် တိုးတက်မြင့်မားလာစေမယ့် သင်တန်းတွေကို အမြဲမပြတ် ပေးနေရမယ်။ (Ever Learning Organization) လို့ခေါ်တဲ့ အမြဲသင်ယူနေကြရမယ့် အဖွဲ့အစည်းတွေအဖြစ် ထူထောင်ကြရမယ်။ နောက်တစ်ချက်က မိမိတို့ဒေသ အတွင်းမှာ ရရှိနိုင်သမျှ ရင်းမြစ်တွေကို ဖော်ထုတ်ကြရမယ်။ စီးပွားရေး လုပ်ငန်းတွေမှာ ထုတ်ကုန်အတွက် ကုန်ကြမ်းရင်းမြစ်တွေက အရေးပါတယ်။ ကုန်ကြမ်းရင်းမြစ်တွေ ဘယ်လောက်အချိန် အတိုင်းအတာအထိရနိုင်မယ့် ကုန်ကြမ်းတွေ ပြတ်လပ်မှုမရှိအောင် ကြိုတင်စီမံထားကြရမယ်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဒေသဖွံ့ဖြိုး စီးပွားတိုး

စာရေးသူရဲ့ မိတ်ဆွေတစ်ယောက် ရွှံ့နဲ့လုပ်တဲ့ အရုပ်ကလေးတွေ ပြင်သစ်နိုင်ငံကို တင်ပို့တဲ့လုပ်ငန်းလုပ်နေတယ်။ သူ့ရဲ့လုပ်ငန်းမှာ အဓိကကျတဲ့ကုန်ကြမ်းပစ္စည်းက ရွှံ့ဖြစ်တယ်။ ရွှံ့ကို ဘယ်နိုင်ငံကနေ ဝယ်ယူသလဲလို့မေးတော့ တရုတ်နိုင်ငံကနေ ကွန်တိန်နာနဲ့ ဝယ်ယူတင်သွင်းတယ်လို့ပြောတယ်။ နိုင်ငံခြားကနေဝယ်တော့ နိုင်ငံခြားငွေကုန်ကျတယ်။ တကယ်တမ်းမှာ အဲဒီကုန်ကြမ်းက မြန်မာနိုင်ငံထဲမှာ ရှိနေတယ်ဆိုတာ သူမသိဘူး။ ဒါကြောင့် ထုတ်ကုန်ပစ္စည်း ထုတ်လုပ်တဲ့အခါ မိမိထုတ်လုပ်မယ့် ကုန်ပစ္စည်းအတွက် ကုန်ကြမ်းတွေက နိုင်ငံအတွင်းမှာ ရနိုင်၊ မရနိုင် အဦးဆုံးသိအောင် လုပ်ဖို့လိုအပ်ပါတယ်။

နောက်တစ်ချက်က လုပ်ငန်းတွေလုပ်ရာမှာ ဇွဲ၊ လုံ့လ၊ ဝီရိယရှိဖို့ လိုအပ်တယ်။ ဘယ်လိုလုပ်ငန်းတွေပဲလုပ်လုပ် အခက်အခဲတွေ အနည်းနဲ့အများ တွေ့ကြရမှာဖြစ်တယ်။ ဒါကို စိတ်ဓာတ်မကျဘဲ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် အားကြိုးမာန်တက်ဆောင်ရွက်တတ်ကြဖို့ အရေးကြီးတယ်။ မိမိကိုယ်မိမိ စိတ်ဓာတ်မြှင့်တင်ပေးမှု Self- Motivation လိုအပ်တယ်။

နောက်ဆုံးတစ်ချက်က **မိမိတို့ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေကို ဝယ်ယူအသုံးပြုသူတွေအတွက် ရေရှည်အကျိုးရှိအောင် တန်ဖိုးပေါင်းထည့်ပေးမှုတွေ လုပ်ပေးရမယ်။ ဒါမှ မိမိထုတ်လုပ်တဲ့ ထုတ်ကုန်ပစ္စည်းတွေက တန်ဖိုးပေါင်းထည့်ထုတ်ကုန်** (Value -added product) **တွေ ဖြစ်လာမယ်။** GSM **ဖုန်းတွေမှာ နိုင်ငံတကာနှင့် ဆက်သွယ်ပြောဆိုနိုင်ရုံမျှမကဘဲ အီးမေးလ်ပို့နိုင်တာ၊ ဓာတ်ပုံတွေ ရိုက်နိုင်တာ၊ အသံတွေ သွင်းယူနိုင်တာစတဲ့ အသုံးပြုနိုင်မှုအစုံ ထည့်သွင်းပေးနိုင်တာမျိုး ဖြစ်ပါတယ်။**

စာရေးသူတို့ နိုင်ငံသားတွေက အသိဉာဏ်ရည် မြင့်မားသူတွေ ဖြစ်ပါတယ်။ တစ်ထွာပြရင် တစ်လံမြင်တတ်သူတွေဖြစ်တယ်။ အသိဉာဏ်ပညာတိုးတက်မှုသာရပါစေ လုပ်ငန်းစွမ်းဆောင်ရည်မနိမ့်သူတွေ ဖြစ်တယ်ဆိုတာ နိုင်ငံတကာကသော်မှ မငြင်းနိုင်တဲ့အချက်ဖြစ်တယ်။

OVOP မှသည် OVMP သို့

နိုင်ငံတိုးတက်မှုတွေကို အကောင်အထည်ဖော်ကြရာမှာ နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်မှုကို တစ်သဝေမတိမ်းလိုက်နာပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့လုပ်ဆောင်ကြမယ်ဆိုရင် မကြာမတင်ကာလအတွင်းမှာပဲ OVOP **လို့ခေါ်တဲ့ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး** (One Village One Product) **သာမကဘဲ** OVMP **လို့ခေါ်တဲ့ ကျေးရွာတစ်ရွာ ထုတ်ကုန်များစွာ** (One Village Many Products) **အဆင့်အထိ ပေါ်ပေါက်လာမှာ ဖြစ်တယ်လို့ မျှော်မှန်းလုပ်ဆောင်နိုင်ကြတာဖြစ်တယ်။** ၂၁ ရာစုမှာ လူတိုင်းမှာ ထားရှိရမယ့်စိတ်ဓာတ်က အများအကျိုးရှိအောင် လုပ်ဆောင်ကြမယ့်စိတ်ဓာတ်ပဲဖြစ်တယ်။ ဒီစိတ်ဓာတ်မွေးပြီး တက်ညီလက်ညီနဲ့သာဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်နိုင်ကြမယ်ဆိုရင် နိုင်ငံတော်အနေနဲ့ အချိန်တိုအတွင်းမှာ ဘက်ပေါင်းစုံ တိုးတက်လာမှာ ဖြစ်တယ်လို့ ရေးသားတင်ပြလိုက်ပါတယ်။ ။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေး အစီအစဉ်တွေနဲ့ နိုင်ငံရဲ့ကုန်ထုတ်လုပ်မှုနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေ ပိုမိုအားပြည့် ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ကြတာနဲ့အမျှ ကျေးလက်ဒေသတွေမှာ ပြည်သူတွေရဲ့ တစ်ဦးချင်းဝင်ငွေ တိုးတက်စေရေး၊ နိုင်ငံ့စီးပွားတိုးတက်စေရေးတို့အတွက် များစွာအကျိုး သက်ရောက် အထောက်အကူပြုနိုင်မှာဖြစ်တယ်လို့ ဆိုချင်ပါတယ်။

မတ် ၁၃ ရက်က ဗဟန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ပညာ့ဗိမာန် စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ် အသင်းနာယက ဒေါ်ခင်မြင့်မြင့်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးဆင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနား စာစီစာကုံး၊ ပိုစတာ၊ ပန်းချီပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပမည့် ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ၂၀၀၇ ခုနှစ် ဧပြီ ၂၃ ရက်မှ ၂၉ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပရန် စီစဉ်လျက်ရှိသည်။

အထက်တန်းအဆင့် စာစီစာကုံး၊ အလယ်တန်းအဆင့် ပိုစတာ၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲ သုံးမျိုးအတွက် ခေါင်းစဉ်မှာ "ကမ္ဘာ့အဝှမ်း စုပေါင်းကာကွယ် လမ်းအန္တရာယ်"ဖြစ်သည်။

ပြိုင်ပွဲကျင်းပခြင်း

ပြိုင်ပွဲအသီးသီးကို ရန်ကုန်တိုင်းအတွင်း ၂၀၀၇ ခုနှစ် မတ်လ ၂၈ ရက်တွင် မြို့နယ်အဆင့် ယှဉ်ပြိုင်ရန် မြို့နယ်ပညာရေးမှူးက သတ်မှတ်သောကျောင်း၌ ကျင်းပရန်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားနှင့်အချိန်

အထက်တန်းအဆင့် (၈/၉/၁၀)တန်းအတွက် စာစီစာကုံးပြိုင်ပွဲကို နံနက် ၉ နာရီမှ ၁၁ နာရီအထိ၊ အလယ်တန်းအဆင့်(၅/၆/၇)အတန်းအတွက် ပိုစတာပြိုင်ပွဲ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိနှင့် မူလတန်းအဆင့် (၁/၂/၃/၄)တန်းအတွက် ပန်းချီပြိုင်ပွဲ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းများ

စာစီစာကုံးရေးသားရန်နှင့် အရွယ်အစားမှာ (A_4) စက္ကူချော ကွာတိုအရွယ်ဖြစ်၍ ပိုစတာနှင့် ပန်းချီယှဉ်ပြိုင်သူများသည် (၁၅ လက်မ x လက်မ ၂၀)အရွယ် ပုံဆွဲစက္ကူဖြင့်ရေးဆွဲပြီး မည်သည့်ဆေးကိုမဆို အသုံးပြုနိုင်သည်။ ပေါင်သွင်းခြင်း၊ ပေါင်ကူးခြင်းမပြုရန် ဖြစ်သည်။ ပြိုင်ပွဲဝင်များသည် ၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းအတွင်း ကျောင်းနေဆဲ ကျောင်းသား၊ ကျောင်းသူများသာ ဖြစ်ရမည်။

အကဲဖြတ်ခြင်း

မြို့နယ်အကဲဖြတ်ကော်မတီသည် ရန်ကုန်တိုင်းအတွင်း မြို့နယ်အဆင့် အကဲဖြတ်ရွေးချယ်ပြီး အထက်တန်းအဆင့် စာစီစာကုံး အကောင်းဆုံး စာမူတစ်စောင်၊ အလယ်တန်းအဆင့် အကောင်းဆုံး ပိုစတာသုံးချပ်၊ မူလတန်းအဆင့် အကောင်းဆုံး ပန်းချီကား သုံးချပ်ကို ဆုရသူ၏ဓာတ်ပုံပါ ကိုယ်ရေးပုံစံသုံးစုံနှင့်အတူ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ကျောင်းသားရေးရာဌာနသို့ ဧပြီ ၂ ရက်အရောက် ပေးပို့ကြရမည်။ စာစီစာကုံး(စာမူ)၊ ပိုစတာနှင့် ပန်းချီကားချပ်၏ ကျောဘက်တွင် အကဲဖြတ်များ၏ အမည်၊ ရာထူး၊ လက်မှတ်အပြင် မြို့နယ်ပညာရေးမှူး၏ ရာထူး တံဆိပ်နှင့် လက်မှတ်ပါရှိရမည်။

ဆုချီးမြှင့်မည်

ရန်ကုန်တိုင်းအတွင်း မြို့နယ်အသီးသီးမှပေးပို့သည့် ပြိုင်ပွဲဝင်စာမူ ကားချပ်များကို တိုင်းအဆင့် အကဲဖြတ်အဖွဲ့က ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ခုစီကို စိစစ်ရွေးချယ်၍ ဆုချီးမြှင့်ပွဲအား ၂၀၀၇ ခုနှစ် ဧပြီလ ၂၃ရက်တွင် ပြည်လမ်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ (IBC) တွင်ကျင်းပမည်ဖြစ်ပြီး ထိုက်ထိုက်တန်တန် ဆုချီးမြှင့် ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၆

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)၏ (၅၄)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့တော်စည်ပင်ခမ်းမရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျိုက်ထိုမြို့နယ်သူ မြို့နယ်သား အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ သက်ကြီးပူဇော်ပွဲအတွက် ဖေဖော်ဝါရီ ၂၈ရက်တွင် အသက် (၇၅)နှစ် ပြည့်ပြီးသူအသင်းဝင်များ၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးနှင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်း မိတ္တူအထောက်အထားများဖြင့် မတ် ၂၀ ရက်နောက်ဆုံးထား၍ အသင်း နာယက ဦးကျင်ဖေ ဖုန်း–၅၅၇၇၀၄၊ နာယက ဦးပြုံး ဖုန်း–၂၄၆၅၃၀၊ ၅၇၉၂၉၅၊ နာယက ဦးသိန်းညွန့် ဖုန်း– ၅၄၂၈၅၄၊ ဥက္ကဋ္ဌဒေါ်မျိုးမြင့်အေး ဖုန်း–၂၉၁၅၇၃နှင့် ဘဏ္ဍာရေးမှူး ဒေါ်နွဲ့ရီ ဖုန်း–၆၆၃၆၂၇၊ ၆၃၅၈၃၆၊ ၀၉–၉၉၂၄၅၇၀တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ (က–ပ)

ဗုဒ္ဓဒေသနာ သင်တန်းပို့ချမည်

ရန်ကုန် မတ် ၁၆

ဆရာကြီး ဦးဌေးအောင်(မဟာသဒ္ဓမ္မဇောတိကဓဇ)၏ စနစ်သစ်လေ့လာနည်းဖြင့် သင်ကြားပေးသော ဗုဒ္ဓဒေသနာသင်တန်းကို ဧပြီ ၁ရက်မှ ၁၀ ရက်အထိ(ပထမပိုင်း)နှင့် ဧပြီ ၂၀ရက်မှ ၂၉ရက်အထိ (ဒုတိယပိုင်း)ကို နေ့စဉ် နံနက် ၇နာရီခွဲမှ ၉နာရီခွဲအတွင်းတွင်လည်းကောင်း၊ သင်္ကြန်တွင်း နာမ်ရုပ်တရားစခန်းကို ဧပြီ ၁၃ရက်မှ ၁၇ရက်အထိနေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄နာရီအတွင်းတွင်လည်းကောင်း၊ ဗုဒ္ဓနည်း နာမ်ရုပ်လေ့ကျင့်ရေးအလုပ်စခန်းကိုမေ၃ရက်မှ၁၁ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄နာရီအထိ လည်းကောင်း ဓမ္မဒါန ပို့ချပေးမည်ဖြစ်ရာ ရှင်သာမဏေဓမ္မဗိမာန် အာဇာနည်လမ်း ဗဟန်းမြို့နယ် ဖုန်း–၃၈၇၃၆၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြေနီ–ညောင်ဇင် ကျေးလက်မြေသားလမ်း စက်ယန္တရားကြီးများဖြင့်ဆောင်ရွက်

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆ – ၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်းမြေသားလမ်း ၃ မိုင်၊ ၂ဖာလုံ ဖောက်လုပ်ရန်လျာထားရာ ကောလင်းမြို့နယ် မြေနီအုပ်စု မြေနီ–ညောင်ဇင်ကျေးရွာ ကျေးလက်မြေသားလမ်း ၁ မိုင်၊ ၂ ဖာလုံအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှု အခြေအနေကို မတ် ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဒေါ်ချိုချိုနွယ်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်လီဌေးတို့က ကြီးကြပ်ဆောင်ရွက်ကြသည်။

ရန်ကုန် ဖြူးမဟာစည် နွေရာသီယဉ်ကျေးမှုသင်တန်း

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကမာရွတ်ဘူတာနောက်ကျော၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု နိုင်ငံကျော်ဓမ္မကထိက ဖြူးဆရာတော်ကြီး သီတင်းသုံးတော်မူသည့် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာအတွင်း နွေရာသီ ယဉ်ကျေးမှုသင်တန်းကို ၁၃၆၈ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်မှ တန်ခူး လပြည့်ကျော် ၁၃ရက်အထိ (မတ်၂၀ ရက်မှ ၃၀ ရက်)အထိ သင်တန်းများဖွင့်လှစ် သင်ကြားမည်ဖြစ်ရာ သင်ကြားလိုသော ကျောင်းသား ကျောင်းသူများသည် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဖုန်း ၀၁–၅၃၀၀၆၈၊ ၀၁–၅၀၁၈၄၆ လိုင်းခွဲ–၁၈၁သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

စည်ပင်ဦးစီးဒုတိယညွှန်ချုပ် တကောင်းမြို့ စည်ပင်လုပ်ငန်းများ စစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ရုံးချုပ် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင် သပိတ်ကျင်းမြို့နယ် တကောင်းမြို့စည်ပင်သာယာရေးဦးစီးဌာနရုံးသို့ ရောက်ရှိလာရာ တာဝန်ခံဦးဌေးလှိုင်က ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် လုပ်ငန်း ဆောင်ရွက်မှု အခြေအနေနှင့် မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှု ပန်းပျိုးဥယျာဉ် ဆောင်ရွက်ထားရှိသည့် အခြေအနေနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှု အခြေအနေတို့ကို ရှင်းလင်းပြသသည်။

ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထိမ်းအမှတ် အမှိုက်များရှင်းလင်းခြင်း၊ အရိပ်ရပင်နှင့် ပန်းအလှပင်များစိုက်ပျိုးပွဲကို ကျိုင်းတုံမြို့ အထက(၁)ကျောင်းဝင်းအတွင်း၌ ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပရာ ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်လှဝေနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက တပျော်တပါး စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ကျောက်ကြီးမြို့မ စည်ပင်ဈေး မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မစည်ပင်သာယာဈေး မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်ပွဲကို ဖေဖော်ဝါရီ ၂၇ရက်က မြို့မဈေး မျက်နှာစာ အနော်ရထာလမ်းမပေါ်၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် စည်ပင်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ဆီဆိုင်မြို့တွင် ရိုးရာထမနဲထိုးပြိုင်

ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ပထမအကြိမ် ရိုးရာထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ၂၅ ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်အေးမြစီ ဦးဆောင်၍ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ကျောက်ဆည် ဟံမြင့်မိုရ်ကျေးရွာစာကြည့်တိုက်သို့ ရုပ်မြင်သံကြား၊ စာအုပ်နှင့် ငွေပဒေသာပင်စိုက်ထူ

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်သို့ ရုပ်မြင်သံကြားဖမ်းစက်၊ စာအုပ်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို မတ် ၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာရှိ ရွှေကျောင်းကျောင်းတိုက် ဓမ္မာရုံတွင် ကျင်းပရာ ဟံမြင့်မိုရ်ကျေးရွာ လူမှုရေးအသင်းအဖွဲ့နှစ်ခုတို့မှ ငွေကျပ်တစ်သိန်းငါးသောင်းတန်ဖိုးရှိ ၂၁ လက်မရောင်စုံ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ မြမြင့်မိုရ်ဆန်စက်ပိုင်ရှင် ဦးကြည်လင်–ဒေါ်အေးအေးယု မိသားစုတို့က ငွေကျပ်သုံးသောင်းနှင့် ကျန်အလှူရှင် ၃၅ဦးတို့က ငွေကျပ်တစ်သိန်းငါးသောင်း ငါးထောင်ကို စာကြည့်တိုက်အတွက် ငွေပဒေသာပင်စိုက်ထူကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က စာအုပ်မျိုးစုံလှူဒါန်းခဲ့ကြသည်။

ချို့တဲ့ကျောင်းသား၊ ကျောင်းသူများအတွက် မေတ္တာမွန်တည်းခိုဆောင် ဆောက်လုပ်

အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာသင်ကြားရန် အခက်အခဲရှိသည့် ချို့တဲ့ကျောင်းသားကျောင်းသူများအတွက် အခမဲ့တည်းခို နေထိုင်နိုင်မည့် မေတ္တာမွန်တည်းခိုဆောင်ကို ဂန့်ဂေါခရိုင် ထီးလင်းမြို့ အမှတ်(၂)ရပ်ကွက်၌ မြို့နယ် လူမှုရေးအဖွဲ့စည်းတစ်ခုဖြစ်သည့် တောင်သားလူမျိုးစု ယဉ်ကျေးမှုကော်မတီက စီစဉ်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

တောင်သူလယ်သမားနေ့ဂုဏ်ပြု မကွေးတွင် တိုင်းရင်းဆေးများလှူဒါန်း

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် သပြေစမ်းရွာရှိ တောင်သူလယ်သမားများနှင့် ပြည်သူများအား တိုင်းရင်းဆေးလှူဒါန်းပွဲကို မတ် ၂ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မကွေးခရိုင်နှင့် မြို့နယ်တိုင်းရင်းဆေးဆရာအသင်းတို့က ကြီးမှူးပြီး "ဂမုန်းပွင့်"ဆေးတိုက်နှင့် "မာဃ"ဆေးတိုက်တို့က တိုင်းရင်းဆေးများ လှူဒါန်းကြောင်း သိရသည်။

တမူးမြို့ နန်းဖာလုံဈေး မီးဘေးကြိုတင်ကာကွယ်

စစ်ကိုင်းတိုင်း တမူးမြို့ နန်းဖာလုံဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းကိုဖေဖော်ဝါရီ၂၆ ရက်က တမူးမြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များက ဈေးအတွင်း မီးသုံးစွဲမှုစနစ်တကျ ရှိမရှိစစ်ဆေးခြင်း၊ မီးသုံးစွဲမှုစည်းကမ်းများသတ်မှတ်ပေးခြင်းကို ပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုကို သရုပ်ပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ကမ္ဘာတစ်လွှား အားကစား

ရိုးမားအတွက် အောင်မြင်မှုများရယူပေးမည့် တိုက်စစ်မှူးတော့တီ

စုစည်းတင်ပြသူ–မောင်မောင်မြင့်ဆွေ

ရောမ မတ် ၁၆

အီတလီအသင်း ကမ္ဘာ့ဖလား ဖိုလ်စွဲနိုင်ရန် စွမ်းဆောင်နိုင်ခဲ့သူများ၌ အီတလီတိုက်စစ်မှူး တော့တီသည် ရှေ့ဆုံးမှပါဝင်နေသည်။ တော့တီသည် အီတလီအသင်းအတွက် အားထားရသော တိုက်စစ်မှူးဖြစ်သလို ရိုးမားအသင်းအတွက် မရှိမဖြစ် တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်နေပြန်သည်။

၁၉၇၆ ခုနှစ် စက်တင်ဘာ ၇ ရက်၌မွေးဖွားခဲ့သော တော့တီသည် ယခုအခါ အသက်၃၁နှစ်ရှိပြီ ဖြစ်သော်လည်း ခြေစွမ်းပြနိုင်ဆဲ၊ ဂိုးများသွင်းနိုင်ဆဲဖြစ်ရာ ဥရောပကလပ်အသင်းများက မျက်စိကျသော တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်သည်။



တိုက်စစ်မှူး တော့တီ

အီတလီ တိုက်စစ်မှူးနှင့် ရိုးမားတိုက်စစ်မှူး တော့တီ၏ ဘောလုံးကစားဟန်။

(ဓာတ်ပုံ–အင်တာနက်)

သွင်းယူ

ဖရန်စစ်ကို တော့တီသည် ရိုးမားကလပ်သို့ ၂၀၀၁–၂၀၀၂ ဘောလုံးရာသီ၌ ရောက်ရှိလာပြီး အီတလီစီးရီးအေ၌ ရိုးမားအတွက် ၁၈ပွဲ ကစားပေးခဲ့ပြီး ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သလို ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်၌လည်း ရိုးမားအတွက် ခုနစ်ပွဲကစားပြီး သုံးဂိုးသွင်းပေးနိုင်ခဲ့သည်။ ထိုနှစ်က ရိုးမားတို့ စီးရီးအေတွင် ဒုတိယရရှိအောင် ကြိုးစားပေးခဲ့လေသည်။

ထို့အတူ ၂၀၀၂–၂၀၀၃ ဘောလုံးရာသီတွင် ရိုးမားအသင်းအတွက် စီးရီးအေပွဲပေါင်း ၂၃ ပွဲ ကစားပေးခဲ့ပြီး ၁၄ဂိုးသွင်းယူပေးနိုင်ခဲ့သလို ၂၀၀၂ ကမ္ဘာ့ဖလား ဘောလုံးပွဲတွင် အီတလီအသင်း တိုက်စစ်မှူးအဖြစ် ပါဝင်ကစားပေးခဲ့သည်။ ၂၀၀၂ ကမ္ဘာ့ဖလားတွင် အီတလီတို့ အောင်မြင်မှုမရရှိခဲ့သော်လည်း တော့တီ၏ခြေစွမ်းကို ဥရောပကလပ်အသင်းများက သဘောကျခဲ့ပြီး ခေါ်ယူရန်ကမ်းလှမ်းခဲ့ပေမယ့် တော့တီက ရိုးမား၌သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့သည်။

စွမ်းဆောင်

တစ်ဖန် တော့တီသည် ၂၀၀၃–၂၀၀၄ ဘောလုံးရာသီတွင် အီတလီစီးရီးအေ၌ ရိုးမားအတွက် တစ်ဦးတည်း ဂိုး၂၀သွင်းယူပြီး ရိုးမားကို ဒုတိယရရှိအောင် စွမ်းဆောင်ပေးခဲ့ပြန်သည်။ အီတလီလက်ရွေးစင် တိုက်စစ်မှူးအဖြစ်လည်း နိုင်ငံတကာချစ်ကြည်ရေးပွဲများကို ကစားပေးခဲ့သည်။

ရိုးမားအသင်းသည် တော့တီဂိုးသွင်းနိုင်ရေးအပေါ်တွင် ရလဒ်ကောင်း၊ မကောင်း တည်မှီနေလျက်ရှိရာ ၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီတွင် ဂိုးသွင်းစွမ်းရည် ကျဆင်းခဲ့သော တော့တီသည် စီးရီးအေ၌ ၂၉ ပွဲကစားပြီး ၁၂ ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ထိုနှစ်က စီးရီးအေ၌ ရိုးမားတို့ အဆင့် ရှစ်အထိ ရောက်ရှိသွားခဲ့သည်။ ထိုနှစ်က တော့တီ ထိခိုက်ဒဏ်ရာရရှိမှုများခဲ့ပြီး ကြံ့ခိုင်မှုလည်း မရှိခဲ့ကြောင်း ရိုးမားကလပ်က ပြောကြားခဲ့သည်။

ဒုတိယရရှိ

၂၀၀၅–၂၀၀၆ ဘောလုံးရာသီတွင် ရိုးမားအတွက် စီးရီးအေတွင် ၂၃ပွဲကစား ၁၅ဂိုး၊ ယူအီးအက်ဖ်အေဖလားပွဲစဉ်တွင် ရိုးမားအတွက်နှစ်ဂိုးနှင့် အီတလီဘောလုံးအသင်း လက်ရွေးစင်အဖြစ် နိုင်ငံတကာချစ်ကြည်ရေးပွဲများ ကစားပေးခဲ့သည်။ ထိုနှစ်က ရိုးမားတို့ စီးရီးအေ၌ ဒုတိယရရှိခဲ့လေသည်။

စွမ်းဆောင်ပေးခဲ့

၂၀၀၆–၂၀၀၇ ဘောလုံးရာသီတွင်မူ အီတလီအသင်းကို ကမ္ဘာ့ဖလားရရှိအောင် တော့တီ စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ၂၀၀၆ ကမ္ဘာ့ဖလားပွဲတွင် အီတလီနှင့် ဂါနာပွဲတွင် ဂါနာကို နှစ်ဂိုးပြတ်အနိုင်ယူခဲ့ရာတွင် တော့တီက တစ်ဂိုးသွင်းယူပေးခဲ့သည်။ ထို့အတူ အီတလီနှင့် ချက်ပွဲတွင် အီတလီတို့ နှစ်ဂိုးပြတ်အနိုင်ရရှိရာ တော့တီက တစ်ဂိုးသွင်းယူခဲ့သည်။ ထို့နောက် အီတလီနှင့် ယူကရိန်းတို့ပွဲတွင်လည်း အီတလီအတွက် တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

၂၀၀၆ ကမ္ဘာ့ဖလား နောက်ဆုံးဖိုလ်လုပွဲစဉ်များတွင် အီတလီတို့ ခုနစ်ပွဲကစားခဲ့ရာ တော့တီ ပွဲတိုင်း ပါဝင်ကစားခဲ့ပြီး တစ်ဦးတည်း လေးဂိုးသွင်းယူနိုင်ခဲ့သည်။ ၂၀၀၆ ကမ္ဘာ့ဖလားကိုလည်း အီတလီမြေသို့ သယ်ဆောင်နိုင်ခဲ့သည်။

မျှော်မှန်း

ယခု ၂၀၀၇ ခုနှစ်တွင် စီးရီးအေ၌ ရိုးမားအတွက် တော့တီက ၂၇ ပွဲ ကစားပေးထားပြီး တစ်ဦးတည်း ၁၈ ဂိုး သွင်းယူပေးထားနိုင်သည်။ တန်းစီဇယားတွင်လည်း ထိပ်ဆုံးမှ အင်တာမီလန်နှင့် ပွဲတူ လေးမှတ်သာကွာခြားလျက်ရှိရာ ရိုးမားတို့ စီးရီးအေဖလားကို မျှော်မှန်းနိုင်သည့် အခွင့်အရေး ရှိနေသည်။

ဒေါသစိတ်

ထိုသို့ ရိုးမားတို့ စီးရီးအေဖလား ရရှိနိုင်မှုသည်လည်း တိုက်စစ်မှူး တော့တီပေါ်၌ရှိနေရာ အဝင်အထွက် ကြမ်းမှုကိုလျှော့ကာ ဒေါသစိတ်ကို ချုပ်တည်းပြီး ခြေပေါ်အောင် ကစားနိုင်မည်ဆိုလျှင် ရိုးမားတို့ စိတ်ကူးယဉ်နေသော စီးရီးအေဖလားကို ရယူနိုင်မည်ဖြစ်ပါကြောင်း။

(ကိုးကား–အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* လမ်းပတ်နှင့် ဂျွန်တယ်ရီတို့သည် ချယ်လ်ဆီးအသင်း တတိယအကြိမ်မြောက် ပရီမီယာလိဂ်ဖလားရရှိရေးအတွက် ပြန်လည်အသက်သွင်းပေးနိုင်ခဲ့ကြောင်း ချယ်လ်ဆီးက မန်စီးတီးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် မတ် ၁၄ ရက်ညက နိုင်ခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းလက်ထောက်မန်နေဂျာ ကလပ်စ်က ချီးကျူးစကားဆိုလိုက်သည်။

* **ယူအီးအက်ဖ်အေဥက္ကဋ္ဌ မစ်ချယ်ပလာတီနီက ၎င်းအနေဖြင့် အီတလီ၊ အင်္ဂလန်နှင့် စပိန်နိုင်ငံတို့မှအသင်းများကို ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် အရည်အချင်းပြည့်ဝစေရန် ပုံစံသစ်ပြောင်းရန် အလေးအနက်စဉ်းစားနေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။**

* စပါးအသင်းသည် ယူအီးအက်ဖ်ဖလား ၁၆ သင်းပြိုင်ပွဲတွင် ဘရာဂါအသင်းကို အနိုင်ရပြီးနောက် ပိုမိုခြေစွမ်းပြရန် လိုအပ်နေသေးကြောင်း နည်းပြမာတင်ဂျိုးလ်က ပြောကြားလိုက်သည်။

* **တရုတ်နိုင်ငံမှ တင်းနစ်အားကစားမယ် လီနာသည် ပစိဖိတ်လိုက်ဖ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရုရှားမှ ဇွန်နာရေးဗာကို ၆–၄၊ ၇–၅ ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။**

* ကမ္ဘာ့နံပါတ်(၁) ဂေါက်သီးအားကစားသမား တိုက်ဂါးဝုဒ်သည် ဖလော်ရီဒါ၌ ကျင်းပနေသည့် အာနိုးပါမာ ဖိတ်ခေါ်ဂေါက်သီးရိုက်အားကစားပြိုင်ပွဲ၌ ပဉ္စမအကြိမ်မြောက် ဗိုလ်စွဲရန်ယုံကြည်ကြောင်း တိုက်ဂါးဝုဒ်က ထုတ်ဖော်ပြောကြားလိုက်သည်။

* **၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ် အားကစားပွဲတော်အတွက် အသုံးစရိတ်ကုန်ကျငွေကို ယူရိုငွေ ၉ဒသမ ၃၅ဘီလီယံအထိ တိုးမြှင့်သုံးစွဲသွားရန် စီစဉ်ထားကြောင်း လန်ဒန်အိုလံပစ်ကော်မီက သတင်းထုတ်ပြန်သည်။**

* ကမ္ဘာ့လက်ဝှေ့ကောင်စီ၏ စူပါဖယ်လ်သာဝိတ်ချန်ပီယံ ဘာရီရာသည် စိန်ခေါ်သူ ဂျွန်မင်ညာ့ရှယ်မာကွက်ဇ်နှင့် မတ် ၁၈ရက်တွင် အမေရိကန်နိုင်ငံ လက်ဗီးဂတ်စ်မြို့၌ ထိုးသတ်မည်ဖြစ်သည်။

* **အိစ်ဆွစ်တောင်းအသင်းမှ ဒါရင်ကူရေးသည် ဒါဘီကောင်တီအသင်းသို့ အလွှတ်ပြောင်းရွှေ့မှုဖြင့် ရွှေ့ပြောင်းသွားပြီဖြစ်ကြောင်း အိစ်ဆွစ်တောင်းအသင်းက ပြောကြားသည်။**

(အင်တာနက်)

ယူအီးအက်ဖ်အေဖလား ၁၆သင်း ဒုတိယအကျော့ ယှဉ်ပြိုင် တော့တင်ဟမ်နှင့် လေဗာကူဆင် ကွာတားဖိုင်နယ်တက်

ကိုးကားတင်ပြသူ–မြင့်မောင်စိုး

လန်ဒန် မတ် ၁၆

ယူအီးအက်ဖ်အေဖလား ၁၆ သင်းအဆင့် ဒုတိယအကျော့ပြိုင်ပွဲများကို မတ် ၁၄ ရက်နှင့် မတ် ၁၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ တော့တင်ဟမ်အသင်းသည် နှစ်ပွဲပေါင်း ခြောက်ဂိုး–လေးဂိုးဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ ရောက်ရှိသွားသည်။

တော့တင်ဟမ်အသင်းသည် ဒုတိယအကျော့ပြိုင်ပွဲတွင် ပေါ်တူဂီမှ ဘရာဂါအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အနိုင်ဂိုးများကို ဘူလ်ဂေးရီးယားတိုက်စစ်မှူး ဘာဘာတော့ဗ်က နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ကျန်တစ်ဂိုးကို ဘရာဂါအသင်းမှ ဟတ်ဒယ်စတုန်းကပွဲချိန် ၂၄ မိနစ်တွင် ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိ၍ တော့တင်ဟမ်တို့ လက်ဆောင်ဂိုးရရှိခဲ့သည်။

ထို့အတူ လေဗာကူဆင်အသင်းသည် လန်းစ်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ လေဗာကူဆင်တို့ ယင်းပွဲ အနိုင်ရလိုက်၍ နှစ်ပွဲပေါင်းရလဒ် လေးဂိုး–နှစ်ဂိုးဖြင့် ကွာတားဖိုင်နယ် တက်လာသည်။

အလားတူ အိုဆာဆူနာ အသင်းသည် ရိန်းဂျားစ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ အိုဆာဆူနာ က နှစ်ပွဲပေါင်းရလဒ် နှစ်ဂိုး–တစ်ဂိုးဖြင့် ကွာတားဖိုင်နယ် တက်နိုင်ခဲ့သည်။

တစ်ဖန် ဝါဒါဘရီမင်အသင်းသည် ဆဲလ်တာဗီဂိုအသင်းကို နှစ်ဂိုး– ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဝါဒါဘရီမင်တို့ နှစ်ပွဲပေါင်း ရလဒ် သုံးဂိုး–ဂိုးမရှိဖြင့် ကွာတားရောက်လာသည်။

တော့တင်ဟမ်အသင်းအတွက် အနိုင်ဂိုးကို မဲလ်ဘရန့်က ဤသို့သွင်းယူခဲ့သည်။

(ဓာတ်ပုံ–အင်တာနက်)

အေဇက်နှင့် နယူးကာဆယ်

အဝေးကွင်း၌ နယူးကာဆယ်တို့ အစွမ်းကုန်ကြိုးစားခဲ့သော်လည်း အပိုင်ဂိုးသွင်းခွင့် အခွင့်အရေး နှစ်ကြိမ်သာရရှိခဲ့သည်။ အေဇက်တို့က ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ထိုးဖောက်ကစားခဲ့ရာ အပိုင်ဂိုးသွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့သည်။

အေဇက်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၄မိနစ်၌ တိုက်စစ်မှူး အာဗီလက်ဇီက သွင်းယူပေးပြီး ဒုတိယဂိုးကို ပွဲချိန် ၅၆မိနစ်၌ အေဇက်တိုက်စစ်မှူး ကိုဗာမင်စ်က သွင်းယူပေးခဲ့သဖြင့် အေဇက်တို့ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အေဇက်တို့ ယခုပွဲ အနိုင်ရရှိသဖြင့် နှစ်ပွဲပေါင်း လေးဂိုးစီ တူညီနေသော်လည်း အဝေးဂိုးရလဒ်အရ အေဇက်တို့ ကွာတားဖိုင်နယ်တက်ရောက်သွားပြီ ဖြစ်သည်။

ဘင်ဖီကာနှင့် ပီအက်စ်ဂျီ

ဘင်ဖီကာတို့ အိမ်ကွင်း၌ ခြေစွမ်းပြနိုင်ခဲ့ပြီး အခွင့်အရေးများကို အကျိုးရှိစွာ အသုံးချနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ဘင်ဖီကာတို့ ပီအက်စ်ဂျီ နောက်တန်းကို ၁၃ ကြိမ် ကျော်ဖြတ်နိုင်ခဲ့ပြီး ဂိုးသွင်းခွင့် ရှစ်ကြိမ်ရရှိခဲ့ရာမှ ပွဲချိန် ၁၂မိနစ်တွင် ဘင်ဖီကာ ကွင်းလယ်ကစားသမား စီမာအိုက တစ်ဂိုး၊ ပွဲချိန် ၂၇မိနစ်တွင် ပီတစ်ကတစ်ဂိုး၊ ပွဲချိန် ၈၉မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် စီမာအိုက တစ်ဂိုး ထပ်မံသွင်းယူလိုက်သဖြင့် ဘင်ဖီကာတို့ သုံးဂိုးရရှိခဲ့သည်။

ပီအက်စ်ဂျီအတွက် ချေပဂိုးတစ်ဂိုးကို တိုက်စစ်မှူး ပီဒရိုပေါလက်တာက ပွဲချိန် ၃၂ မိနစ်၌ သွင်းယူပေးခဲ့သဖြင့် ဘင်ဖီကာတို့ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ယခုပွဲအနိုင်ရရှိသဖြင့် ဘင်ဖီကာတို့ နှစ်ပွဲပေါင်းရလဒ် လေးဂိုး–သုံးဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီ ဖြစ်သည်။

အက်စ်ပန်ညိုနှင့် မက္ကာဘီဟိုင်ဖာ

အက်စ်ပန်ညိုကို မက္ကာဘီတို့ ခြေရည်တူပင် မကစားနိုင်ခဲ့ချေ။ သို့သော် အက်စ်ပန်ညို တိုက်စစ်မှူးများက မက္ကာဘီကို ပထမပိုင်းပွဲချိန်အတွင်း တစ်ဂိုးမျှမသွင်းနိုင်ဘဲ ဒုတိယပိုင်းပွဲချိန် ၅၃မိနစ်ရောက်မှသာ အက်စ်ပန်ညိုမှ ဒီလာပီနာက တစ်ဂိုး၊ ၅၉မိနစ်၌ တာမူဒိုက တစ်ဂိုး၊ ၆၁မိနစ်တွင် လူးဝစ်ဂါစီရာက တစ်ဂိုးနှင့် မိနစ် ၉၀တွင် ပန်ဒီရာနီက တစ်ဂိုး ဆက်တိုက်သွင်းယူခဲ့သဖြင့် အက်စ်ပန်ညိုတို့ လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ အက်စ်ပန်ညိုသည် နှစ်ပွဲပေါင်း လေးဂိုး–ဂိုးမရှိဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ရုက်တာဒိုးနက်နှင့် အက်ဖ်စီဆီဗီလာ

ရုက်တာဒိုးနက်သည် ကွင်းလယ်ကစားသမား မာတူဇာလမ်က ၄၉မိနစ်၌ အဖွင့်ဂိုးသွင်းယူခဲ့သော်လည်း အက်ဖ်စီဆီဗီလာမှ မာရက်ကာက ၅၃မိနစ်၌ချေပဂိုးသွင်းယူခဲ့သည်။ ရုက်တာဒိုးနက်မှ အီလာနိုက ၈၃မိနစ်၌ တစ်ဂိုးသွင်းယူပြီး အက်ဖ်စီဆီဗီလာက ပါလော့ပ်က မိနစ်၉၀ ၌ ချေပဂိုးသွင်းယူခဲ့သဖြင့် အချိန်ပိုဆက်ကစားခဲ့ရာ ပွဲချိန် ၁၀၅မိနစ်၌ ချီဗာတန်က အနိုင်ဂိုးသွင်းယူခဲ့သဖြင့် အက်ဖ်စီဆီဗီလာတို့ သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အက်ဖ်စီဆီဗီလာတို့ နှစ်ပွဲပေါင်း ရလဒ် ငါးဂိုး–လေးဂိုးဖြင့် ကွာတားဖိုင်နယ် တက်ရောက်သွားပြီ ဖြစ်သည်။

(အင်တာနက်)

တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးတိုင်း၊ညောင်ဦးမြို့နယ်၊ဇီးစားမြင်ရွာ အဖ ဦးစောဝင်း၏သမီးဖြစ်သူ မရီရီနိုင်း (ခ) မရီနိုင်း ၈/ပခက(နိုင်) ၂၀၇၇၈၃ မှတ်ပုံတင်ကိုင်ဆောင်သူသည် တစ်ဦးတည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မရီရီနိုင်း။





သင်္ကြန် ၁၅ရက်တွင် အထူးတရားစခန်း
ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာ(တိုးကြီးကုန်း–အနီးစခန်း)

ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာ ၁၅ရက် အထူးတရားစခန်းကို ၁၃၆၈ခု တန်ခူးလပြည့်ကျော် ၆ ရက် (၇–၄–၂၀၀၇ရက်)မှ ၁၃၆၉ခုနှစ် ကဆုန်လဆန်း ၆ ရက် (၂၁–၄–၂၀၀၇ရက်)အထိ ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် တရားစခန်းဝင်ရောက်လိုသူများသည် တန်ခူးလပြည့်ကျော် ၅ ရက် (၆–၄–၂၀၀၇ရက်) နောက်ဆုံးထား၍လာရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်–

ချမ်းမြေ့ရိပ်သာ	ရန်ကုန်	ဖုန်း–၀၁–၆၆၁၄၇၉
ဒေါ်အုန်းခင်	မုံရွာ	ဖုန်း–၀၇၁–၂၁၆၅၈
ဦးတင်မျိုးဆွေ	မန္တလေး	ဖုန်း–၀၂–၆၅၈၆၉
ဦးစိုးသိန်း(ဈေးချို)	မန္တလေး	ဖုန်း–၀၂–၃၁၆၈၀
ဦးချစ်ဆွေ(ပြင်ဦးလွင်ချစ်ဆွေ)	ပြင်ဦးလွင်	ဖုန်း–၀၈၅–၂၁၆၃၇

ပဋိပတ္တိသာသနာတော်ပြန့်ပွားရေးအဖွဲ့
ချမ်းမြေ့ရိပ်သာ၊ ပြင်ဦးလွင်မြို့။

တိုယိုတာ ကိုရိုလာဗင်(၃က/၉၂၅၈)နှင့်စပ်လျဉ်း၍ ဦးဖုန်းမြင့်၏ ထပ်မံကြေညာချက်

တိုယိုတာ ကိုရိုလာဗင် ၃က/၉၂၅၈အား ကျွန်တော်ဦးဖုန်းမြင့် S/OKA–၀၇၉၇၄၀က သက်ဆိုင်ရာ စာရွက်စာတမ်းအပြည့်အစုံဖြင့် ဝယ်ယူထားခြင်းကြောင့် ၂၂–၂–၂၀၀၇ရက်တွင် တရားဝင်ကြေညာချက်သတင်းစာ၌ ထည့်သွင်းခဲ့ခြင်းသာဖြစ်၍ ပြန်လည်ရုပ်သိမ်းရန် အကြောင်းမရှိပါ။

၁၃–၃–၂၀၀၇ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာတွင် အထက်တန်းရှေ့နေ ဦးချစ်ကိုကို(ဘဏ)၏ ကြေညာချက်သည် မှန်ကန်ခြင်းမရှိပါကြောင်းနှင့် ယင်းမော်တော်ယာဉ်ကိစ္စနှင့်စပ်လျဉ်း၍ တရားဥပဒေအရ ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်း အများသိသာရန် ထပ်မံကြေညာလိုက်ပါသည်။

အမှတ် ၃၂(ဈ–၂)၊ နတ်မောက်ရိပ်သာလမ်း၊ ဆရာစံရပ်ကွက်၊ဗဟန်းမြို့နယ်။

ဦးဖုန်းမြင့် S/OKA–၀၇၉၇၄၀။

ရောင်းရန်ရှိသည်

လက်ရှိ အသုံးပြုလျက်ရှိသော အလျား ၇၁ ပေ၊ အနံပေ ၂၀၊ အနက် ၁၁ပေ၊ ယာမဟာအင်ဂျင် တပ်ဆင်ထားသော ဆီဂါလန်၂၀၀၀၀ တင်ဆောင်နိုင်သည့် သစ်သားကိုယ်ထည် သင်္ဘော တစ်စင်း ရောင်းရန်ရှိသည်။

ဖုန်း–၀၉–၅၀–၀၀၅၆၃။



ကျေးဇူးဆပ်ပါမည် ကျွန်တော် စောမျိုးဝင်းအောင်၏ နိုင်ငံကူးလက်မှတ်အမှတ် ၄၉၆၂၄၃ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း–၅၀၅၉၁၇။**

ကဝဆရာတော် အရှင်ဝဏ္ဏိတသဃရ တရားပွဲများ

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူး မဟာစည်သာသနာ့ရိပ်သာ ဖြူးဆရာတော်၏ တပည့်(ကဝ) အရှင်ဝဏ္ဏိတသဃရ (ဓမ္မာစရိယ–ကမ္မဋ္ဌာနာစရိယ) ဖြူးမဟာစည် နယ်လှည့် ဓမ္မကထိက အရှင်သူမြတ်သည် မတ် ၁၈ရက်ညတွင် ခရမ်းမြို့ သက္ကာယ်ကုန်း စတုတ္ထ အကြိမ် တရားပွဲ၌လည်းကောင်း၊ မတ်၃၀၊ ၃၁ရက်တို့တွင် ကဝမြို့နယ် ကံလှကျေးရွာ၌ လည်းကောင်း၊ ဧပြီ ၁၊ ၂ရက်တို့တွင် ကဝမြို့ အောင်ဆုပန် ဦးဝင်းရှိန်၊ ဒေါ်သန်းသန်းဆင့် အလှူပွဲတို့၌ လည်းကောင်း၊ ဧပြီ ၈၊၉ရက်တို့တွင် ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် ကျီးအိုင်အုပ်စု အုန်းတောစုကျေးရွာ တိုင်းလုံးချမ်းသာစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်တို့၌လည်းကောင်း ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြီး တရားပွဲ ပင့်ဆောင်လိုသူများ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဖုန်း–၀၁–၅၃၀၀၆၈၊ ၀၁–၅၀၁၈၄၆၊ လှိုင်းခွဲ–၁၈၁ တို့သို့ ဆက်သွယ်ပင့်ဆောင်နိုင်ကြောင်း သိရသည်။

(က–ပ)

အင်တာနက်–ကျန်းမာရေး

တစ်ကိုယ်တည်း အထီးကျန်စွာနေထိုင်သူများ စိတ်ဖိစီးမှုများပြီး ဦးနှောက်ဆဲလ်များ ပျက်စီးနိုင်



တစ်ကိုယ်တည်း အထီးကျန်စွာ နေထိုင်သူများအနေဖြင့် စိတ်ဖိစီးမှုဒဏ်ကို ပိုမိုခံစားရပြီး ထိုသို့ခံစားရမှုကြောင့် ဦးနှောက်အတွင်း အသစ်ဖြစ်ပေါ်လာသော နာဗ်ဆဲလ်များ ပျက်စီးမှုဖြစ်ရကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ပျက်စီးစပြု

စိတ်ဖိစီးမှုဒဏ် ခံစားနေရချိန်၌ ဦးနှောက်အတွင်းနာဗ်ဆဲလ်များ ပျက်စီးမှုဖြစ်ပေါ်ကြောင်း သုတေသနပညာရှင် ဒေါက်တာဒါနေးလ်ပီတာဆင်က ပြောကြားသည်။

တွေ့ရှိ

ဓာတ်ခွဲခန်းသုံး ကြွက်များကို အသုံးပြု စမ်းသပ်မှုတွင်လည်း တွေ့ရှိရပြီး သီးခြားထားရှိသော ကြွက်များ၌ ဦးနှောက်နာဗ်ဆဲလ်များ ပိုမိုပျက်စီးမှုရှိသည်ကို တွေ့ရှိခဲ့ကြရသည်။

ဦးနှောက်နာဗ်ဆဲလ်အသစ်များ ပျက်စီးမှုကြောင့် သီးခြားထားရှိသော ကြွက်များသည် လှုပ်ရှားမှု၊ မှတ်ဉာဏ်နှင့် သင်ကြားမှုများ ပုံမှန်မပြုလုပ်နိုင်တော့ကြောင်း ၎င်းတို့က ပြောကြားသည်။

တစ်ကိုယ်တည်းအထီးကျန်စွာ နေထိုင်ရသူများ စိတ်ဖိစီးမှုပိုမိုခံစားရသလို ဦးနှောက်ဆဲလ်များလည်း ပျက်စီးမှုဖြစ်ပေါ်စေကြောင်း သုတေသနပညာရှင် ဒေါက်တာဒါနေးလ်ပီတာဆင်က ပြောကြားသည်။

(ကိုးကား–အင်တာနက်)

အဝလွန်မှုကို ခွဲစိတ်ကုသလျှင် ဦးနှောက်မှတ်ဉာဏ်ချို့ယွင်းမှု ဖြစ်ပေါ်နိုင်

အဝလွန်သူများအနေဖြင့် ကိုယ်အလေးချိန်ကျဆင်းရန်အတွက် ခွဲစိတ်ကုသမှုခံယူခြင်းသည် ဦးနှောက်မှတ်ဉာဏ်ချို့ယွင်းမှုကိုဖြစ်စေတတ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားလိုက်သည်။ ခန္ဓာကိုယ်အဝလွန်မှုကို ခွဲစိတ်ကုသခဲ့ပါက ဦးနှောက်အတွင်း ဆဲလ်များပျက်စီးမှုနှင့် နာဗ်ကြောများ ထိခိုက်ကြုံတွေ့ရနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင် ဒေါက်တာကောလင်ရှိန်းက ပြောကြားသည်။

အဝလွန်မှုကို ခွဲစိတ်ကုသမှုခံယူထားသည့် အမျိုးသမီး၃၂ဦးကို သုတေသနပြုခဲ့ရာ အမျိုးသမီး ၂၇ဦးသည် ဦးနှောက်မှတ်ဉာဏ်ထိခိုက်မှုဖြစ်နေကြောင်း ၎င်းကပြောကြားသည်။ ထို့ကြောင့် အဝလွန်မှုကို ခွဲစိတ်ကုသခြင်းမခံယူကြရန်နှင့် လေ့ကျင့်ခန်းသာ ပုံမှန်ပြုလုပ်သင့်ကြောင်း ဒေါက်တာကောလင်ရှိန်းက ဆက်လက်ပြောကြားသည်။

(ကိုးကား–အင်တာနက်)

သင်္ကြန်တွင်း ၁၀ရက် အလိုတော်ပြည့် ဝိပဿနာတရားစခန်း

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရှွေညောင်လမ်းရှိ အောင်မြေဗောဓိ ဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၆ရက်မှ ကဆုန်လဆန်း ၁ရက် (ဧပြီ ၇ရက်မှ ၁၆ရက်) အထိ ၁၀ရက် တရားစခန်းကို ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပ သာသနာပြု ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ အလိုတော်ပြည့် ဆရာတော်ကြီး ကိုယ်တိုင် ဝိပဿနာသတိပဋ္ဌာန် အလုပ်ပေးတရား ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသောယောဂီများ ဧပြီ ၄ရက် နောက်ဆုံးထားပြီး ဖုန်း–၅၄၈၈၆၁နှင့် ၅၄၅၃၃၇ တို့သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ခါနွေဆန်းစ တပေါင်းလ

ရွှေဘိုသီရိမာလာ

တပေါင်းလသည် မြန်မာလ ၁၂လ၏ နောက်ဆုံးလဖြစ်သည်။ တပေါင်းလ၏ ပထမလဝက်သည် ဆောင်းရာသီတွင် ကျရောက်၍ ဒုတိယလဝက်သည် နွေရာသီတွင် ကျရောက်သဖြင့် ဆောင်းအကုန် နွေအကူး မင်းလွင်မြူးသည့် လဖြစ်သည်။ တပေါင်းလ၏ ရာသီပွဲတော်သည် သဲပုံစေတီပွဲတော် ဖြစ်သည်။ ရာသီပန်းမှာ သရဖီပန်း၊ အင်ကြင်းပန်းနှင့် ပိတောက်ပန်းတို့ ဖြစ်ကြသည်။ ဥတ္တရဖလဂုနီ နက္ခတ်ထွန်း၍ နေ့နာရီ ၂၈၊ ညနာရီ ၃၂ ရှိ၏။

ဆောင်းတစ်ဝက် နွေတစ်ဝက်ဖြစ်၍ နေ့အခါတွင် အတော်အသင့်ပူလာပြီး ညချမ်းအခါ၌မူ ဆောင်းရိပ်ဆောင်းငွေ့ မပြယ်သေးဘဲ အေးလျက်ရှိသည်။ ထို့ကြောင့် ရှေးလူကြီးသူမများက "နေ့ ပူလို့ ညချမ်း တပေါင်းလသရမ်း"ဟူ၍ အဆိုပြုခဲ့ကြပေသည်။ လတကာတွင် တပေါင်းလသည် အလွန်သာယာလှပ ပေသည်။ စာဆိုတော် သျှင်အုန်းညို က တပေါင်းလ၏ သာယာပုံကို "သာသည်ညင်းညင်း မြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန်မသည်း၊ ပျံ့ပျံ့မည်းသား"ဟူ၍ ဖွဲ့ဆိုခဲ့သည်။

တပေါင်းလတွင် မြူခိုးများ ဝေနေပုံကို စာဆိုတော် ရှင်မဟာရဋ္ဌသာရက "ချိုးငှက်လည်ပြောက်၊ ကျွမ်းဖော်ပျောက်သို့ နှုတ်ထောက်ကွန့်မြူး၊ သံပြိုင်ကျူးလျက်၊ တစ်ဦးတိုင်က တစ်ဦးချ၍၊ ဖိုမလင်းပြာ၊ တွန်သံသာနှင့်" စသည်ဖြင့် ဖွဲ့ဆိုခဲ့သည်။ မြစ်အတွင်း သဲသောင်စပ်တွင် ငှက်အပေါင်းသည် အဖော်စုံညီစွာ ရောက်နေကြသည်။ ငွေရောင်သင်ဖြူးခင်းထားသော သဲသောင်ပေါ်တွင် ရွှေရောင်တောက်နေသော ဟင်္သာမောင်နှံများ၊ သောင်တင်းငှက်၊ ပိန်းညှင်းငှက်တော်၊ စင်ရော်၊ မြစ်တွေး၊ ရေကြက်ကလေးတို့သည် သောင်စပ်တွင် အစာရှာကြ၊ ရေချိုးကြ၊ အစာခွဲ့ကြ၊ လည်ချင်းယှက်၍ ပျော်မြူးနေကြပုံကို ရှင်ဥတ္တမ ကျော်က "သဲခင်းသာဝယ်၊ သီတာကြည်လဲ့၊ ငှက်သံနွဲ့နှင့် လွမ်းဘွဲ့မြိုင်ခြေ၊ မြူခိုးဝေခဲ့"ဟူ၍ ရေးဖွဲ့ခဲ့သည်။

မြစ်ရေသည် နွေဦးတွင်နည်း၍ ကြည်လင်ကာ မှန်သားရောင်ထနေသည်။ အောက်ခြေကြမ်းပြင်ရှိ ငါးကလေးများကိုပင် မြင်နေရသည်။ တစ်ဖန် စာဆိုသည် မျောက်တို့၏ ကြိုးခွေ၊ ကြိုးခွေ၊ ဒေါင်းတို့၏ အိုးဝေ၊ အိုးဝေဟူသော မြည်သံကို ကြားသောအခါ "နေခြည်ဝင်မြောက်၊ ဆည်းဆာရောက်သော်၊ မျောက်ကကြိုးခွေ၊ ဒေါင်းအိုးဝေနှင့် သံခြေကြွေးကြော်၊ ဖိုမခေါ်လျက်"ဟူ၍ ဖွဲ့ဆိုထားသည်။ ရွက်ဟောင်းတို့ လေဟုန်စီး၍ ကြွေပြီးသောအခါတွင် မြပုရစ်ဖူးညှောက်တို့၏ အရောင်တပြောင်ပြောင် လှပသာယာနေပုံကို "လေခမြေသက်၊ ဈာန်ဝိတက်သို့ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတဝက်၊ ဖက်၍ဆေးစုံခြယ်သောပုံသို့ ရဂုံမြိုင်အတွင်း တောလုံးလင်းသား"ဟူ၍ နွေသရုပ်ကို လှလှပပ ဖော်ထုတ်စပ်ဆိုခဲ့သည်။

ဝန်ကြီးပဒေသရာဇာကလည်း "နွေဦးကာလ၊ မြူထသောအခါ၊ ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ခါ၊ ဓားနီးထက်စွာ၊ ခါးမှာချပ်လျက်၊ ထန်းပွင့်ထန်းခိုင်၊ ရှန်းမြိုင်မြိုင်၊ ကလိုင်သာလွယ်လို့ တက်သည်နှင့်လေး" ဟု ဖွဲ့ဆိုခဲ့သည်။ စာဆိုဦးယာကလည်း ရွက်ဟောင်းအစား မြပုရစ်ဖူးလေးများ ထွက်ပြူလာသည်ကို မြင်လျှင် စာသလိုက်ပုံက "နွေဦးဆန်းသစ် ရွက်ရော်လှစ်လို့ ပုရစ်ကယ်ရွှေဥ၊ ပင်တိုင်းစုကြသည်၊ နုညိုခင်ငယ်တဲ့လေး"ဟူ၍ သီကုံးခဲ့ပါသည်။

အချို့ အရပ်တွင် ဖက်ဆွတ်ပန်းကလေးများ ပွင့်လေ့ရှိပြီး တောနယ်တခွင်တွင် ပီပြင်စွာမစိမ်းပဲ ညိုရွှေဝါသန်းနေပုံကို စာဆိုတော်ကြီး နဝဒေးက "ရွှေညှောက်နညီ၊ မြချပ်စီသို့ ပီပီမစိမ်း၊ တောခပ်သိမ်းလည်း၊ ရှိမ်းရှိမ်းလဲ့လဲ့၊ ပင်လုံးကျွတ်လျှင်၊ ဖက်ဆွတ်ပိတောက်၊ လဲနှင့်ပေါက်တို့၊ခါရောက်ညီဘိ"ဟု ရေးဖွဲ့ခဲ့သည်။

တောင်တွင်းစာဆို ဦးကြော့ကလည်း "အညာမှာသန္တာလှဲ့လို့၊ ဆာတကျယ့်ပွေလီ၊ ကညာနွဲ့ကေသီမှာ၊ ရွှေသိင်္ဂီအင်ကြင်း။ ။ ဖီငွေဝတ်တပေါင်းမိန်တွင် သောင်းဝတိန်နတ်တိုင်းကသင်း။ ။ စုံရဂုံခက်ညှာကြွေ သည်၊ ရွက်ဝါလေသန့်ရှင်း၊ စက်ရာဘွေညံ့ညှင်းမှာ၊ ပန်းခပင်းသော်မော်၊ သဲစေတီတည်သမယပေမို့၊ ကြည်သမျှ သည်လမို့နော်"စသည်ဖြင့် ဖွဲ့ဆိုခဲ့သည်။ ဆရာဇော်ဂျီက"ဥသြငှက်မွန်၊ တွန်ပါပေါ့လေး၊ ပုရစ်ကလေးငယ်တို့၊ မြသွေးတစ်ထည်ဆင်နှင့် နွေအဝင်သည်စခန်းမှာ၊ လန်းတော့မယ်လေး" ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။

ရှေးယခင်က မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်မှ ကပိလဝတ်ပြည်သို့ တပေါင်းလအခါတွင် တောလမ်းခရီးမှ ကြွခဲ့ဖူးသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သူစံမြန်းရာ ကပိလဝတ်ပြည်သို့ ဘုရားရှင်အား အဖူးမြော်ခံကြွရောက်တော်မူရန်အတွက် ကာဠုဒါယီအမတ်ကြီးအား စေလွှတ်၍ ပင့်လျှောက်စေသည်။ ကာဠုဒါယီအမတ်ကြီးသည် ဘုရားရှင်ထံ လျှောက်ထားသည့်နေ့သည် တပေါင်းလပြည့်နေ့ ဖြစ်ပါသည်။ ကပိလဝတ်ပြည်သို့ ကြွရောက်ရမည့်လမ်းခရီးသည် တပေါင်းလရာသီဖြစ်သည့်အတွက် သာယာကြည်နူးဖွယ်ကောင်းပုံပါ ထည့်သွင်းလျှောက်ထားခဲ့သည်။ လျှောက်ထားချက် အပြည့်အစုံကို ရဟန်းစာဆို ရှင်အုန်းညိုက ဂါထာ ၆၄ ပုဒ်ဖြင့် ပျို့တစ်စောင် ရေးဖွဲ့ခဲ့သည်။ မှတ်ရလွယ်အောင် ဂါထာခြောက်ဆယ်ပျို့ဟု ခေါ်သည်။

ရဟန်းစာဆိုသျှင်အုန်းညို၏ ဂါထာ၆၀ပျို့သည်မြန်မာစာပေတွင် အလွန်ထင်ရှားခဲ့ပေသည်။ "ရွှေနှိုင်း ပိတောက်၊လဲနှင့်ပေါက်လည်း၊ တောက်သည့်မီးရောင်၊ ပြောင်ပြောင်ညီးညီး၊ ပန်းတောင်ကြီးသို့၊ ခရီးတောဝယ်၊ မြိုင်အလယ်၌"ဟူ၍ တပေါင်းလအခါ တောလမ်းခရီး၌ ပန်းတို့ပွင့်နေကြပုံကို သျှင်အုန်းညိုက ဖွဲ့ဆိုစာပန်းချီ ခြယ်ခဲ့သည်။ တပေါင်းလ၏ ရာသီပွဲတော်သည် သဲပုံစေတီပွဲတော်ဖြစ်သည်၊ သဲပုံစေတီတော်သည် မြန်မာ နိုင်ငံတွင် ဗုဒ္ဓသာသနာစတင်ထွန်းကားလာကာစကပင် ရှိခဲ့သောပွဲတော်ဟု ယူဆရပေသည်။

အင်းဝခေတ်ပန်းချီလက်ရာများတွင် တပေါင်းလသဲပုံစေတီပွဲကျင်းပပုံ ရီးရာစဉ်လာကိုတွေ့ရသည်။ တောင်သူလယ်သမားတို့သည် မြင်းမိုရ်တောင်ရှိ အာလိန်ငါးဆင့်ကို ရည်ရွယ်၍ သဲများကို ရိုင်ပတ်ငါးဆင့် ဆင့်ကာ စေတီတည်လေ့ရှိသည်။ ထိုအာလိန်ငါးဆင့်တွင် သန့်စင်သောသဲများဖြင့် အပြည့်သိပ်ပြီးလျှင် တံခွန် ကုက္ကား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်၍ အလှူအတန်းပွဲများ ပြုလုပ်ကြသည်။

ရွှေတိဂုံဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလ၌ ကျင်းပသည်။ မဟာသက္ကရာဇ် ၁၀၃ခုနှစ် တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့တွင် သိကြားမင်း၊ ဥက္ကလာပမင်းကြီး၊ တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ ကြီးမှူး၍ ရွှေတိဂုံစေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့သည်ဟု သိရသည်။ ရှေးမြန်မာ မင်းများလက်ထက် ကပင် ထင်ရှားသောပွဲတော် ဖြစ်သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီအချိန်က ဘုရားဖူးများသည် အသင်းအဖွဲ့အလိုက် အစုအဝေးဖြင့် လှေတစ်တန်၊ လှည်းတစ်တန် လာကြ၍ ကုန်းတော်ဝန်းကျင် ဇရပ်များ၊ ကျောင်းများ၊ စောင်းတန်းများနှင့် ရင်ပြင်အနှံ့တွင်လည်း ဘုရားဖူးများ၊ လှည်းဝိုင်းများ တိုးမပေါက်အောင် စည်ကားလေသည်။

ညအခါ အနောက်မုခ်တွင် ဇာတ်ရုံပွဲ၊ ကြည့်ချင်ပွဲများဖြင့် စည်ကားသည်။ သီပေါမင်းပါတော်မူပြီး နှစ်နှစ်အကြာတွင် ရန်ကုန်မြို့မှ ထုတ်ဝေသော ရန်ကုန်ဂေဇက် အပတ်စဉ်သတင်းစာ မတ်လ ၁၁ရက်ထုတ် သတင်းတစ်ပုဒ်တွင် ရွှေတိဂုံတပေါင်းပွဲတော်သို့ ယခုနှစ်တွင် လာရောက်သူများပြားကြောင်း၊ လွန်ခဲ့သော ရက်အနည်းငယ်ကပင် မြို့တွင်း၌ တောဘုရားဖူးများဖြင့် ပြည့်နှက်နေကြောင်း၊ ယင်းတို့အထဲတွင် ရှမ်းနှင့်ကရင်တိုင်းရင်းသားအများအပြား ပါဝင်ကြကြောင်း၊ ယမန်နေ့ ရွှေတိဂုံကုန်းတော်ပေါ်တွင် မြင်ရသော ရှုခင်းမှာ မျက်စိပသာဒအမြင်တွင် ထူးခြားလှ၍ စိတ်နှလုံးချမ်းမြေ့ဖွယ်ဖြစ်ကြောင်း၊ အကြောင်းမှာ ဝတ်ကောင်းစားလှမျိုးစုံ ဝတ်ဆင်ထားသော လူတန်းကြီးမှာ မျက်စိတဆုံးပင်ဖြစ်ကြောင်း စသည်ဖြင့် တပေါင်းပွဲတော်ရှုခင်းကို ဖော်ပြထားသည်ကို တွေ့ရလေသည်။

ရွှေတိဂုံစေတီတော်ကြီး၏ တပေါင်းပွဲတော်ကြီးကား ရှေးနှစ်ပေါင်းများစွာက ကဲ့သို့ပင် ယခု ခေတ်တွင်လည်း ရက်သတ္တပတ်တိုင်တိုင် ကြည့်ချင်ပွဲအစုံဖြင့် စည်ကားစွာကျင်းပလျက် ရှိပေသည်။

တပေါင်းလ၏ တောတောင် ရေမြေ သဘာဝဝန်းကျင် သာယာလှပမှုများသည် စာဖွဲ့၍ မကုန်နိုင်အောင် ရှိလှပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေ မြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင်အသင်း (၁၀၂) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အမေရိကန်ဒေါ်လာ၄၄၂ဒေါ်လာကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံပရဒေသီ သံဃနာယက အဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ခြံစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီထုတ်လုပ်နည်းရှင်းလင်း လက်တွေ့သရုပ်ပြ စမ်းသပ်မောင်းနှင်ပွဲ လင်းခေး၌ကျင်းပ

လင်းခေး မတ် ၁၀

လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ကျေးလက်ဒေသများတွင် အလွယ်တကူရရှိနိုင်သည့် ဒေသန္တရပစ္စည်းများ အသုံးပြု၍ ခြံစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်ပုံအဆင့်ဆင့် သရုပ်ပြပွဲနှင့် စမ်းသပ်မောင်းနှင်ပွဲကို မတ် ၃ ရက် နံနက် ၈ နာရီက နွယ်ဝတီခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်ကျော်ဦးနှင့်အဖွဲ့၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် ရပ်မိရပ်ဖ ပြည်သူ ၆၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင်စိုးတို့က အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းဝင်းက အခမ်းအနား ကျင်းပရခြင်းနှင့် ကြက်ဆူဇီဝဒီဇယ်ဆီ ထုတ်လုပ်နည်းစနစ် အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် အခမ်းအနားသို့ တက်ရောက်ကြသူများက ကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မောင်းနှင်ခြင်းကို ကြည့်ရှုအားပေး ကြသည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်ကျော်ဦး၊ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် လင်းခေးမြို့နယ် နွယ်ဝတီခန်းမဝင်းအတွင်း ပျိုးထောင်ထားသည့် ခြံစည်းရိုး ကြက်ဆူ ပျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

(ခရိုင် ပြန်/ဆက်)

တောင်ငူမြို့၌ အကြိုအခြေခံ မီးသတ်သင်တန်း ဆင်း

တောင်ငူ မတ် ၅

တောင်ငူမြို့ အမှတ် (၁၁)ကန်တော်ရပ်ကွက် အကြိုအခြေခံ မီးသတ်သင်တန်းအမှတ်စဉ် (၂/၂၀၀၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၆ နာရီက အဆိုပါရပ်ကွက် ရုံးခန်းမဆောင်၌ ကျင်းပရာ ခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားမီးသတ် တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တောင်ငူခရိုင် မီးသတ်ဦးစီးအရာရှိ ဦးအေးသန်း **(အပေါ်ပုံ)**၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဟန်မင်းထွန်း၊မြို့နယ်မီးဘေးအန္တရာယ်ကာကွယ်ရေး အထောက်အကူပြုအဖွဲ့အမှူဆောင် ဦးကျော်လှ(သတင်းထောက်)နှင့် အရန်မီးသတ်တပ်ဖွဲ့တပ်ခွဲမှူး ဦးခင်မောင်ချို တို့က အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကြသည်။

အလားတူ ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းကလည်း တောင်ငူအထက (၆)၌ ကျောင်းသူ ကျောင်းသားများအတွက် ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချခဲ့သည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးသတ်ပညာ သင်တန်းဆင်းပွဲကို ကျင်းပရာ ပဲခူးတိုင်းမီးသတ်ဦးစီးဌာနမှူး ရဲသူရိန်လှမြင့်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။ **(၃၀၃)**

အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ စုပေါင်း၍ မြို့မဈေးကြီးနှင့် မြို့နယ်စည်ပင်သာယာရေးရုံးရှေ့တွင် ဖေဖော်ဝါရီ ၂၂ရက်က မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကို ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးသိန်းအောင်၊ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် မီးသတ်တာဝန်ခံတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။(၃၁၆)

စာပေဟောပြောပွဲ ပျော်ဘွယ်မြို့၌ ကျင်းပ

ပျော်ဘွယ် မတ် ၆

ပျော်ဘွယ်မြို့နယ် (၁၅)ကြိမ်မြောက် စာပေဟောပြောပွဲကို မတ် ၃ရက် ည ၇နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းငွေ၊ စာပေဟောပြောပွဲဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** စာရေးဆရာ ကောင်းသန့်၊ လယ်တွင်းသားစောချစ်နှင့် စာရေးဆရာမ ဥမ္မာစံတို့က စာပေရေးရာများကို ဟောပြောကြသည်။ **(၂၅၀)**

ဦးဥတ္တမလမ်း ကတ္တရာလမ်းချဲ့

မောင်တော မတ် ၂

မောင်တောမြို့နယ် ဦးဥတ္တမလမ်း ကတ္တရာလမ်း ချဲ့ထွင်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိန်ရွှေမောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကလေးမြို့ မိခင်ရင်သွေးရိပ်မြုံ ဆောက်လုပ်ရန် ငွေလှူဒါန်း

ကလေး မတ် ၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ စစ်ကိုင်းတိုင်း ကလေးမြို့ မိခင်ရင်သွေးရိပ်မြုံ ဆောက်လုပ်ရန် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲ ၂နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နေရှုရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး ပါမောက္ခဒေါက်တာထွန်းရီ၊ဗဟိုအလုပ်အမှုဆောင်ဒေါက်တာသန်းဦးနှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး၊ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်ရှိန်တို့က မိခင်ရင်သွေးရိပ်မြုံ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း၅၀နှင့် သားဖွားခန်းအတွက်ဆေးဝါးများနှင့်စာရေးကိရိယာများကို ဗဟိုအမှုဆောင်ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာထွန်းရီက ပေးအပ်လှူဒါန်းရာ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်ရှိန်က လက်ခံရယူသည်။ **(အပေါ်ပုံ)**

ထို့နောက် မိခင်ရင်သွေးရိပ်မြုံတည်ဆောက်ရေးအတွက် ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့မှ ငွေကျပ် ၁၀၀၀၀၀စီ၊ ဆန်စက် လုပ်ငန်းရှင်များအဖွဲ့က ငွေကျပ် ၃၀၀၀၀၀၊ အုတ်လုပ်ငန်းရှင် ဒေါ်အေးခက ငွေကျပ် ၂၀၀၀၀၀၊ ဦးအောင်မင်း-ဒေါ်သီသီအေးမိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းကြသည်။

ဆက်လက်၍ ခရိုင်ပြည်သူ့ဆေးရုံကြီး သားဖွားဆောင်သို့ သွားရောက်ကြည့်ရှုပြီး မွေးလူနာနှစ်ဦးအား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ငွေကျပ် ၅၀၀၀စီ ပေးအပ်လှူဒါန်းခဲ့ပြီး မိခင်ရင်သွေးရိပ်မြုံဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုကြသည်။

ယင်းနောက် ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေသော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား သွားရောက်ကြည့်ရှုအားပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ **(၄၁၇)**

ရာသီမရွေး အချိန်တိုဖြင့် လွယ်လင့်တကူသွားလာရန် ကျေးရွာချင်းဆက် မြေသားလမ်း သနပ်ပင်၌ဖောက်

သနပ်ပင် မတ် ၅

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ရစ်ကံလေးကျေးရွာနှင့် ကမာစဲကျေးရွာ ကျေးရွာချင်း ဆက်သွယ်သည့် ကျေးလက်မြေသားလမ်း ဖောက်လုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ရက်က သနပ်ပင်မြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေက စံချိန်စံညွှန်းအတိုင်း၊ သတ်မှတ်ချိန် အတိုင်း ပြီးစီးရေးအတွက် ကြီးကြပ်ကွင်းဆင်း ဆောင်ရွက်လျက်ရှိပြီး(ယာပုံ)**အဆိုပါ မြေသားလမ်း ဖောက်လုပ်ပြီးစီးသွားပါက ကျေးရွာပေါင်း ၄၂ရွာမှ ဒေသခံပြည်သူများသည် ရန်ကုန်၊ ပဲခူး၊ သနပ်ပင်မြို့များသို့ ရာသီ မရွေး အချိန်တိုတိုဖြင့် လွယ်လင့်တကူ သွားလာ နိုင်ကြမည် ဖြစ်သည်။**

(၃၄၇)

ခရိုင်ထွေအုပ် ဦးစီးဌာနဝန်ထမ်းများ ဝတ်စုံပေးအပ်ပွဲ ပြင်ဦးလွင်မြို့၌ ကျင်းပ

ပြင်ဦးလွင် မတ် ၅

မန္တလေးတိုင်း ပြင်ဦးလွင်မြို့မှ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် နံနက်၁၀နာရီက ရုံးပေါင်းစုံအပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်က ဝန်ထမ်းများအနေဖြင့် ကိုယ်စီကိုယ်င ချမှတ်ပေးထားသော တာဝန်များကျေပွန်စွာ ထမ်းဆောင်လုပ်ကိုင်ကြရန်နှင့် စည်းကမ်းများ လိုက်နာဆောင်ရွက် လုပ်ကိုင်ကြရန် မှာကြားပြီး ဝန်ထမ်းများအား ဝတ်စုံများ ပေးအပ်ကြသည်။ **(၂၈၀)**

မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အကျဉ်းထောင်သို့ ငွေနှင့်စားသောက်ဖွယ်ရာများ လှူဒါန်း

မုံရွာ မတ် ၈

မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ပုလဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ မုံရွာအကျဉ်းထောင်အတွင်းရှိ အကျဉ်းသားများအား အလှူငွေကျပ် ၅၀၀၀၀နှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၁၀နာရီက မုံရွာအကျဉ်းထောင်အတွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မုံရွာခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကံညွှန့်၊ ခရိုင်အလုပ်အမှုဆောင်များ၊ မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မုံရွာ အကျဉ်းထောင် တာဝန်ခံအရာရှိနှင့် အကျဉ်းဦးစီးဌာနဝန်ထမ်းများ၊ အကျဉ်းသားများ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် မုံရွာခရိုင်၊ ပုလဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများက စုပေါင်းလှူဒါန်းသော အလှူငွေကျပ် ၅၀၀၀၀နှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး ခရိုင်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့သည် မုံရွာအကျဉ်းထောင်အတွင်းရှိ အိပ်ဆောင်၊ ရေချိုးကန်၊ ရေလောင်းအိမ်သာ၊ စားဖိုဆောင်များသို့ ဝင်ရောက်လေ့လာကြည့်ရှုပြီး မိသားစုနှင့် ဆက်သွယ်ရန်ခက်ခဲသော အကျဉ်းသားများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးကြသည်။

လှူဒါန်း

မုံရွာခရိုင်နှင့် ရှစ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စုပေါင်း၍ မုံရွာအကျဉ်းထောင်သို့ ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း ကိုးကြိမ်တိတိ အကျဉ်းသားများအတွက် လက်နှိပ်ဘုံပိုင် ရေတွင်းတစ်တွင်း၊ အိမ်သုံးဆေးဝါး၊ အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၄၄၅၆၅၀ကို ပေးအပ်လှူဒါန်း ကြသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

ကျိုင်းတုံမြို့ ခွာညိုလမ်း ကတ္တရာလမ်းခင်းဆောင်ရွက်

ကျိုင်းတုံ မတ် ၁

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ခွာညိုလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၈ ရက်က စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်ကျော်က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ မော်ကွန်းဝင်ပုဂ္ဂိုလ် ၁၂ဦးတို့အား တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးတင်မြင့်(ငြိမ်း)နှင့် အမှုဆောင်အဖွဲ့က ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိုင်သုံးဆယ်ဈေးမီးသေး ကြိုတင်ကာကွယ်ရေး စီမံချက်အရအမှုဆောင် အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ဖြိုးနှင့် မြို့နယ်မီးသတ် ဦးစီးဌာန မီးသတ်ဦးစီး အရာရှိ ဦးသန်းထွေးတို့ ဦးဆောင်သော မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးဝန်ထမ်းများ စုပေါင်း၍ ဖေဖော်ဝါရီ ၂၀ရက်က မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

ဒေါ်ခင်စန်းရီနှင့် အများသိစေရန်

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း(၃၀)၊ အမှတ်(၃၅)နေ ဒေါ်ခင်စန်းရီနှင့် ကျွန်ုပ်၏အမှုသည် ဦးအောင်စိုး(ခ)ဦးကျော်စိုး နိုင်ငံသားစိစစ်ရေးအမှတ် ၁/မညန(နိုင်)၀၇၂၉၉၀တို့သည် ပုသိမ်ကြီးမြို့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲ စာချုပ်နှင့် ပစ္စည်းခွဲဝေခြင်း စာချုပ်တို့ကို ပြုလုပ်ခဲ့ပြီး၊ ယင်းစာချုပ်များ ယခုထိ ပြင်ဆင်ပြောင်းလဲမှုမရှိ တည်မြဲနေပါသည်။

ဒေါ်ခင်စန်းရီသည် အထက်ဖော်ပြပါ နှစ်ဦးသဘောတူစာချုပ်ကို မျက်ကွယ်ပြု၍ မိမိကြေညာချက်များကို တရားမဝင်ကြောင်း၊ တရားဝင်ဇနီးမယားအဖြစ် တည်ရှိနေကြောင်း အထက်ဖော်ပြပါ ရန်မျိုးလုံရပ်ကွက်ရှိနေအိမ်၌ ဦးကျော်စိုး နေထိုင်ခြင်းမရှိကြောင်း စသည်ဖြင့် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် မရိုးမဖြောင့်သောနည်းဖြင့် ၂၄-၁၂-၂၀၀၆ရက်နေ့ ထုတ် ရတနာပုံသတင်းစာတွင် ထည့်သွင်းကြေညာမှုများ ပြုလုပ်လာသည်ကို တွေ့ရှိရပါသည်။

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက် လမ်း(၃၀) ၇၁ X ၇၂လမ်းကြား၊ အမှတ်(၃၅)ခြံနှင့် သုံးထပ်တိုက်ကို နှစ်ဦးသဘောတူညီချက်အရ ဦးအောင်စိုးက သိန်း ၁၀၀၀(ကျပ် သိန်းတစ်ထောင်)ကို ဒေါ်ခင်စန်းရီသို့ ပေးအပ်ပြီး သုံးထပ်တိုက်ကို ဦးအောင်စိုးက ရယူရန်ဖြစ်ပါသည်။ ထိုသဘောတူညီချက်အတိုင်း ဦးအောင်စိုးက ကမ်းလှမ်းရာ ဒေါ်ခင်စန်းရီက လိုက်နာခြင်းမရှိသည့်ပြင် ၂၄-၁၂-၂၀၀၆ရက်ထုတ် ရတနာပုံသတင်းစာတွင် ၎င်း၏အကျိုးဆောင်များမှ တစ်ဆင့်"ယနေ့အချိန်ထိ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ တရားဝင်ဇနီးအဖြစ် တည်ရှိနေသဖြင့် အဆိုပါပစ္စည်းများကို လက်ဝယ်ရှိသူ ဒေါ်ခင်စန်းရီသည် မိမိစိတ်ကြိုက် စီမံခန့်ခွဲသွားမည် ဖြစ်ပါသည်"ဟု ကြေညာခဲ့ပါသည်။ ယင်းကြေညာချက်သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် တည်ဆဲဥပဒေများကို ဆန့်ကျင် ကြေညာခြင်းဖြစ်ပါသည်။

ဦးအောင်စိုး စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် ခရီးသွားနေစဉ်ကာလအတွင်း အဆိုပါ ခြံမြေထဲတွင် စည်ပင်သာယာ၏ခွင့်ပြုချက်မရဘဲ စားသောက်ဆိုင် ဆောက်လုပ်ဖွင့်လှစ်ထားသဖြင့် မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ကန့်ကွက်ထားပြီး ဖြစ်ပါသည်။

ဒေါ်ခင်စန်းရီ၏ ကြေညာချက်တွင် ဦးအောင်စိုးမှာ အဆိုပါနေအိမ်၌ နေထိုင်ခြင်းမရှိရခြင်းမှာ ဒေါ်ခင်စန်းရီနှင့် ၎င်း၏ဆွေမျိုးများက ဦးအောင်စိုး နေထိုင်၍မရနိုင်အောင် နည်းမျိုးစုံဖြင့် အန္တရာယ်ပြု နှောင့်ယှက်၍ဖြစ်ပါသည်။ ယင်းကိစ္စကို သက်ဆိုင်ရာ အာဏာပိုင်များသို့ တိုင်ကြားထားပြီးလည်း ဖြစ်ပါသည်။

ယခုအခါတွင် အဆိုပါခြံမြေနှင့် သုံးထပ်တိုက်သည် ဦးအောင်စိုး(ခ) ဦးကျော်စိုးက ငွေကျပ်သိန်း ၁၀၀၀(ကျပ်သိန်းတစ်ထောင်)ကို ဒေါ်ခင်စန်းရီထံ ပေးအပ်ပြီး လွှဲပြောင်းလက်ခံယူရန် နှစ်ဦးသဘောတူစာချုပ် ပြုလုပ်ထားပြီးဖြစ်၍ အချင်းဖြစ်မြေနှင့် သုံးထပ်တိုက်ကို ဒေါ်ခင်စန်းရီထံမှ ဝယ်ယူခြင်း၊ အပေါင်ခံခြင်း၊ အခြားနည်း လွှဲပြောင်းလက်ခံရယူခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ဦးအောင်စိုး သဘောတူညီမှုမရရှိဘဲ ၎င်းအဆောက်အအုံကို ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်း လက်ခံပြုလုပ်ထားခြင်းများရှိပါက ၎င်းတို့၏ လုပ်ဆောင်ချက်သည် တရားမဝင်ပါကြောင်းနှင့် တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အများပြည်သူများအား အသိပေးကြေညာအပ်ပါသည်။

ဦးအောင်စိုး၏ ညွှန်ကြားချက်အရ-

ဦးပို B.A, H.G.P, R.L, D.B.L(Advocate)
တရားရုံးချုပ်ရှေ့နေ (၄၆၁၇)
အမှတ် ဒီ-၁၊ လမ်း ၇၀ (၃၀ X ၃၁ကြား)
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း- ၀၉-၂၀၀၁၄၇၂။



မြသဇင်

ချည်ချောလုံချည်အမျိုးမျိုး

ဝမ်းတွင်းမြို့ မြသဇင်အထည်စက်ရုံမှ ချည်ချောလုံချည်အမျိုးမျိုးကို မှတ်ပုံတင်အမှတ် ၁/၂၀၀၆ဖြင့် မှတ်ပုံတင်ပြီး မြန်မာတစ်ပြည်လုံးသို့ အရည်အသွေးမှန် ဈေးနှုန်းမှန်ကန်စွာဖြင့် ဖြန့်ဖြူးရောင်းချပေးနေပါသည်။

(ဆင်တူယိုးမှား အတုအပ အထူးသတိပြုပါရန်)။

ပင်ရင်း - မြသဇင် အထည်စက်
ဦးထွန်းကြည်နှင့်သားသမီးများ
အမှတ် (၂) တံတားဦးရပ်၊ ဝမ်းတွင်းမြို့
ဖုန်း- ၀၆၄-၅၀၁၀၆

ရန်ကုန်ဖြန့်ချိရေး - အမှတ် (၂၁)ဘီ မြေညီထပ်၊ သိပ္ပံလမ်း၊
ဆင်မင်းဈေးအနီး၊ အလုံမြို့နယ်။
ဖုန်း- ၀၁-၂၁၁၅၀၈။

မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ ပစ္စည်းများရောင်းချနိုင်ကြောင်း
အသိပေး ကြေညာခြင်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ ထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများသည် အခွန်ထမ်းဆောင်ပြီးသည့် ကုန်စည်များဖြစ်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ ထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများ မှန်ကန်ပါက အခွန်ထမ်းဆောင်ပြီးသော ကုန်စည်များ ဖြစ်ကြောင်းကို မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ အပြည့်အဝ တာဝန်ယူသွားမည်ဖြစ်သဖြင့် စိတ်ချမ်းမြေ့စွာ ရောင်းဝယ်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြန်မာ့စားသောက်ကုန်လုပ်ငန်း။

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ-ဒေါ်ခင်မစိုးတို့၏ ဖခင် ဦးညွန့်(၈၃)နှစ် (မြောင်းမြ)သည် ၁၁-၃-၂၀၀၇ ရက်(တနင်္ဂနွေနေ့) ၉:၃၀နာရီတွင် အမှတ် (၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏မိသားစု လွှဲငွေကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဦးကြည်လင် CDC-27004
ဖုန်း- ၅၇၇၉၄၄။

အမြန်ပြန်လာပါ

မုဆယ်မြို့ ယာဉ်ငယ်ကွင်း အနီးနေ နန်းခမ်းနွမ်း(ခ)အေးလျန် ၁၃/မဆတ(နိုင်)၀၄၈၆၆၅ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ မိဘများ စိတ်ပူနေသည်။ ကိစ္စအားလုံးခွင့်လွှတ်သည်။ **ဦးဆန်ဆု။**

ဒေါ်နုနုထွေး
၁၂/ဗဟန(နိုင်)၀၀၁၁၄၉ နှင့်
အများသိစေရန်

ကျွန်ုပ်၏ အမှုသည်ဖြစ်သော မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ဗညားဒလလမ်း အမှတ်(၉၃)နေ ဦးဇော်မိုးဟိန်း ၁၂/တမန(နိုင်)၀၄၂၃၄၂၏ ဇနီးဖြစ်သော အဖ ဦးအောင်သန်း၏ သမီးဖြစ်သူ ဒေါ်နုနုထွေး ၁၂/ဗဟန(နိုင်)၀၀၁၁၄၉သည် ၂၀၀၇ခုနှစ် မတ် ၁၀ရက်နေ့ နံနက် ၁၀နာရီခန့်တွင် ခင်ပွန်းဖြစ်သူအား အသိပေး သဘောတူညီခြင်းလည်း မရှိဘဲ၊ ခင်ပွန်းမရှိခိုက် ဝတ်ဆင်ပေးထားသော ရွှေထည်များ၊ ရုပ်မြင်သံကြား အပေါ်အောက်စက်တစ်စုံ၊ အဝတ်အစားများနှင့် အခြားသူမှ ခင်ပွန်းအား ယုံကြည်အပ်နှံထားသော ငွေကျပ် ၁၀သိန်းကိုပါ ယူဆောင်လျက် မယားဝတ္တရား ပျက်ကွက်ကာ အဆက်အသွယ် ဖြတ်တောက်ပြီး စွန့်ပစ်သွား၍ (၁၀-၃-၂၀၀၇) နေ့မှစပြီး လင်မယားအဖြစ်မှ ပြတ်စဲသွားပါသဖြင့် ဒေါ်နုနုထွေးနှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ ခင်ပွန်းဖြစ်သူက တာဝန်ယူဖြေရှင်းပေးလိမ့်မည် မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မိုးဟိန်း (အမှုလွှဲအပ်သူ)

ဦးပန်းဝေအောင် (LL.B)
အထက်တန်းရှေ့နေ
(စဉ်-၂၅၂၆၈)
အမှတ်-၃၃၉၊
စမ်းချောင်းမိန်းလမ်း၊
(၃)ရပ်ကွက်၊ မြောင်းမြမြို့။

မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ၃၆လမ်းနှင့် ၈၃လမ်းထောင့်ရှိ နေဗွန်ဝမ်းစတား တာယာရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဒေါ်အမာ၊ သားဦးမောင်မောင်သန်း၊ ဦးမောင်မောင်ထွေး မိသားစုတို့က ငွေကျပ်တစ်သိန်းသုံးသောင်းငါးထောင်တန်ဖိုးရှိသော ကားတာယာနှင့်အလွိုင်းဗိုးတို့ကို မတ် ၃ရက်က သုဂတိမဂ္ဂလူမှုကူညီရေးအသင်းသို့ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့်အမှုဆောင်အဖွဲ့တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ ကျင်းပမည်

ပန်းတနော် မတ် ၁၄

ပန်းတနော်မြို့ သာသနာ့ဟိတာရာမ ပုခန်းကျောင်းတိုက်အတွင်းရှိ မိုးကုတ်ဝိပဿနာ ဟိတာရာမ ပုခန်းကျောင်းတိုက်၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆရာတော် ဦးပညာသာမိ၏ ဩဝါဒကိုခံယူ၍ ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ခုနစ်ရက် တရားစခန်းပွဲ၌ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်မှ ဆရာတော် ဦးကောဝိဒ အရှင်သူမြတ်နှင့် ဆရာတော် ဦးကေသဝိ(ပျော်ဘွယ်)၊ ဆရာတော် ဦးဝိမလအရှင်သူမြတ်တို့က ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ဟောကြားမည်ဖြစ်၍ တရားအားထုတ်လိုသည့်ယောဂီများသည် ဧပြီ ၁၀ရက် ညနေ ၅နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ရေစကြိုမြို့ ကျက်သရေဆောင်
သာသနာ့ဗိမာန်တော် တည်ဆောက်ရေး စည်းဝေး

ရေစကြို မတ် ၁၁

မကွေးတိုင်း ရေစကြိုမြို့တွင် မြို့၏ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး ဩဝါဒခံယူပွဲ အခမ်းအနားကို မတ် ၄ ရက်နေ့လယ်က အောင်မြေသာယာ ဝန်မင်းကြီးကျောင်းတိုက်၌ ကျင်းပသည်။

ဩဝါဒစကား

ရှေးဦးစွာ နမောတဿ သုံးကြိမ် ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မပါလနှင့် တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (ရေစကြို ဆရာတော်)တို့က ဩဝါဒကထာ ချီးမြှင့်ကြသည်။

ဆက်လက်၍ သာသနာ့ဗိမာန်တော် တည်ဆောက်ရေးဦးစီးကော်မတီနှင့် ဘဏ္ဍာရေးကော်မတီများကို ဖွဲ့စည်းကြသည်။ ထို့နောက်ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသက မတည်ငွေကျပ် ၂၅သိန်းကို လှူဒါန်းပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

ဩဝါဒခံယူပွဲသို့ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည့်အပြင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးသိန်းလွင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လှူဒါန်းနိုင်

အဆိုပါ ရေစကြိုမြို့၏ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် ပါဝင် ကုသိုလ်ယူ လှူဒါန်းလိုသူများသည် တိပိဋကမဟာဂန္ထဝင် နိကာယ် စာသင်တိုက် ဒဂုံမြို့သစ်အရှေ့ပိုင်း ရန်ကုန်မြို့ ဖုန်း-၀၁-၇၀၆၆၅၂၊ ၅၈၅၀၃၄၊ တိပိဋကသန္တာဝါသစာသင်တိုက် ၆၂လမ်း ဒေါနဘွားရပ်ကွက် အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း ၀၂-၃၉၈၆၈၊ ဓမ္မမဏ္ဍိုသိမ်ကျောင်း အောင်မြေသာယာ သူဌေးတိုက် ရေစကြိုမြို့ ဖုန်း-၀၆၂-၃၀၂၈၂နှင့် ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရေစကြိုမြို့ ဖုန်း-၀၆၂-၃၀၂၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၃၇၄)

မုဒုံမြို့ မြို့မ (၄)ရပ်ကွက် ပိတောက်ရွှေဝါလမ်း ကတ္တရာခင်းနေမှုကို ဖေဖော်ဝါရီ ၃ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးမူကြို (၁)
အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၆

မန္တလေး ချမ်းအေးသာစံမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၁) (ယခင်ထွန်းလှဟိုတယ်အနီး)တွင် ၁၉၆၆ ခုနှစ်မှစ၍ နှစ်ပေါင်း ၄၀ ကျော်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၂ ရက် နံနက် ၈ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ကျောင်းအုပ်ဆရာမကြီးဒေါ်ကြည်ကြည်ဦး၊ ဒေါ်ခင်မာယာညွန့်၊ ဒေါ်ခင်ကြွယ်တို့ကို အမှူးထားပြီး ဆရာမ ၂၄ ဦးတို့ကို ပူဇော်ကန်တော့ကြရန် စီစဉ်ထားရာ ရပ်ဝေးရပ်နီးရှိ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အချိန်မီ ဆက်သွယ်ကြရန်နှင့် အလှူငွေများကို ဦးရဲဝင်းဟန် (ရှေ့နေ) ဖုန်း-၀၉-၂၀၀၅၉၃၅၊ ဒေါ်အေးမြခိုင် (မူကြို-၁) ဖုန်း-၀၂-၂၁၂၄၄၊ ဦးမျိုးသန့်အောင် (သချာၤဌာန၊ မြင်းခြံတက္ကသိုလ်)၊ ဒေါ်မီမီရွှေ (သမိုင်းဌာန၊ ရတနာပုံ တက္ကသိုလ်)၊ ဦးလှဘုန်း (မန္တလေးနေ့စဉ်) ဖုန်း-၀၂-၆၀၄၉၄၊ ဒေါက်တာဝဏ္ဏသျှန် (ကျောက်ဆည်ဆေးရုံ) ဖုန်း- ၀၉-၅၁၄၂၂၂၁ နှင့် ဦးသန်းထိုက် (ကောင်းမေတ္တာစတိုး) ဖုန်း-၀၂-၇၂၈၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

နိုင်ငံတော်က ပြည်နယ်နှင့်တိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ပေးလျက်ရှိတည်ရှိပြီး လမ်းတံတားများ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းစောင့်ရှောက်

နေပြည်တော် မတ် ၁၆

(၆၂)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ်တို့ကို ဆက်သွယ်သည့် ကမ်းခြေလမ်းဖြစ်သော ငွေဆောင်-ဆင်မ-ငရုတ်ကောင်းမြေသားလမ်းနှင့် ငရုတ်ကောင်း-ငရုတ်ကောင်းတောင် မြေသားလမ်းဖွင့်ပွဲအခမ်းအနားနှင့် ပိတောက်ကုန်း တံတားဖွင့်ပွဲအခမ်းအနားတို့ကို မတ် ၁၄ရက် နံနက်ပိုင်းက သက်ဆိုင်ရာနေရာများ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက် အားပေးချီးမြှင့်သည်။ စာမျက်နှာ ၃ ကော်လ ၁

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ငွေဆောင် ကမ်းခြေ အပန်းဖြေစခန်းတွင် ဟိုတယ်လုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ဆက်လက်ရောင်းချ ကျောက်စိမ်း ၃၂၂၂တွဲကို ရတနာကုန်သည်ပေါင်း ၃၄၀၉ဦး အပြိုင်အဆိုင်ဝယ်ယူခဲ့ကြ

ရန်ကုန် မတ် ၁၆

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် စတုတ္ထနေ့အဖြစ် ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်ပေါင်း ၃၄၀၉ဦးတို့တက်ရောက်၍ အပြိုင်အဆိုင် ဝယ်ယူကြသည်။

ဈေးပြိုင်စနစ်

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၂၃တွဲကို ရောင်းချခဲ့ရသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ညနေပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

အဆိုပါ ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် မတ် ၁၃ရက်မှ ယနေ့အထိ လေးရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၃၂၂၂တွဲကို ရောင်းချခဲ့ရသည်။

တက်ရောက်ဝယ်ယူ

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၃ နိုင်ငံတို့မှ ရတနာကုန်သည် ၂၀၆၀ နှင့် ပြည်တွင်းနိုင်ငံသားရတနာကုန်သည် ၁၃၄၉ ဦး စုစုပေါင်းရတနာကုန်သည် ၃၄၀၉ ဦးတို့ တက်ရောက်ဝယ်ယူလျက်ရှိသည်။

ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ပဉ္စမနေ့အဖြစ် မတ်၁၇ရက်တွင် ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်း ဆောင်းပါး အညွှန်း

တစ်ကိုယ်တည်း အထီးကျန်စွာ နေထိုင်သူများ စိတ်ဖိစီးမှု များပြီး ဦးနှောက်ဆဲလ်များပျက်စီးနိုင်။(စာ-၁၄)

ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ကြရမည့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေး

ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)၏ ဆောင်းပါး (စာ-၁၀)

ယူအီးအက်ဖ်အေဖလား ၁၆သင်း ဒုတိယအကျော့ပွဲများ ယှဉ်ပြိုင် တော့တင်ဟမ်နှင့် လေဗာကူဆင် ကွာတားဖိုင်နယ်တက် (စာ-၁၂)